# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (6-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောင္ဍသမအစည်းအဝေး ပဌမနေ့ကျင်းပ

စာမျက်နှာ - ၁၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr. J.M.J.P. Bandara ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၆ ရက်
အယ်ဒီတာ့အာဘော်

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

လူသားတို့အတွက် မီးသည် မရှိမဖြစ်လိုအပ်သည်။ မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်သည်။ သူခိုး ခိုးလျှင် အစုတ်ကျန်နိုင်သော်လည်း မီးလောင်လျှင် စည်းစိမ်ဥစ္စာအားလုံး ဆုံးရှုံးမည်ဖြစ်သည်။ ထို့ကြောင့် ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မီးကို ကြိုတင်ကာကွယ်ကြရမည်ဖြစ်ပေသည်။

မီးလောင်မှုသည် အချိန်ရာသီမရွေးဖြစ်ပွားတတ်သော်လည်း ပူပြင်းခြောက်သွေ့သော နွေကာလတွင် မီးလောင်လွယ်သဖြင့် ထိုအချိန်ကာလမျိုးတွင် မီးလောင်မှုမဖြစ်ပွားစေရန် အထူးဂရုပြုကြရမည်ဖြစ်သည်။ ထိုကာလတွင် မိမိတို့၏ ပတ်ဝန်းကျင်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များသည် မီးလောင်လွယ်သော မီးစာများဖြစ်သည်။ ထို့ကြောင့် အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းရေးသာမက ပတ်ဝန်းကျင်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းတို့ဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်သင့်ပေသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရာတွင် အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင် ထားရှိရှင်းလင်းခြင်း၊ ထင်းမီးဖို၊ မီးသွေးမီးဖိုတို့ကို အကာအရံဖြင့် ထားရှိအသုံးပြုခြင်း၊ မီးဖိုဘေးတွင် မီးအလွယ်တကူလောင်ကျွမ်းစေသောအရာများမထားခြင်း၊ ဂက်စ်မီးဖို လုံခြုံမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ခြင်း၊ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပြီးပါက မီးငြိမ်းသတ်မှုမပျက်မကွက်ပြုလုပ်ခြင်း၊ မီးကြွင်းမီးကျန်များကိုရေဖြင့်သေချာငြိမ်းသတ်ခြင်း စသည့်ကြိုတင်ကာကွယ်မှုများကိုပြုလုပ်ပေးပါက မီးဘေးအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်သည်။

မီးစတင်လောင်ကျွမ်းရာတွင် အခြေခံအကြောင်းများစွာရှိသည်။ ထိုအခြေခံအကြောင်းများစွာတွင် ပေါ့ဆမီး၊ ဝိုင်ယာရှော့ခ်မီး၊ လျှပ်စစ်ဝန်နှင့်အားမမျှသဖြင့် အပူလွန်ကဲ၍လောင်သောမီး၊ မီးကြွင်းမီးကျန်မှလောင်သောမီး၊ ဆေးလိပ်မီးစသည်တို့ဖြစ်သည်။ အရေးကြီးသည့်အချက်မှာ မည်သို့ပင် မီးစတင်လောင်ကျွမ်းသည်ဖြစ်စေ အတွင်းကြိတ်၍မီးငြိမ်းသတ်ခြင်းမျိုးမပြုလုပ်ဘဲ ပတ်ဝန်းကျင်ကို ဦးစွာအသိပေး အကူအညီတောင်းရမည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာမီးသတ်ဦးစီးဌာနသို့ မပျက်မကွက် အကြောင်းကြားခြင်းပြုရမည်ဖြစ်သည်။ သို့မှသာ မီးတောက်မကြီးမီ၊ အခြားနေရာများသို့ မကူးစက်မီ အမြန်ဆုံးငြိမ်းသတ်နိုင်မည်ဖြစ်ပေသည်။

မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများခြင်းသည် ကနဦးစတင်မီးလောင်စဉ် ဝိုင်းဝန်းမငြိမ်းသတ်နိုင်ခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။ အလားတူ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ နေရာဌာနအလိုက် မီးဘေးကာကွယ်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်သည့် အလေ့အထမရှိခြင်းကလည်း မီးလောင်ခြင်း၏ အကြောင်းအချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် မီးလောင်မှုဖြစ်စဉ်ကြုံတွေ့မှသာ ဖြစ်သလို ငြိမ်းသတ်ခြင်းမဟုတ်ဘဲ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ထားသင့်ပေသည်။

သို့ဖြစ်ရာ မီးလောင်မှုသည် နေရာမရွေး၊ အချိန်အခါမရွေး၊ ရာသီမရွေးဖြစ်ပေါ်တတ်ပေသည်။ မီးလောင်မှုကြောင့် ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးရသကဲ့သို့ အခန့်မသင့်ပါက လူတို့ကို ထိခိုက်ဒဏ်ရာရရှိမှုနှင့် အသက်အန္တရာယ်ကို ထိခိုက်စေပါသည်။ ထို့ကြောင့် မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆောင်ပုဒ်များကို လိုက်နာကျင့်သုံးပြီး မီးဘေးအန္တရာယ်ကို မီးမလောင်ခင် ကြိုတင်ကာကွယ်ကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

## ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၅၈၇ ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုပေးထား



**မန္တလေး မတ် ၅**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၅၈၇ ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမောင်စိုးက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်းခရီးသွားနှင့် ပြည်ပနိုင်ငံခြားသားခရီးသွားဧည့်သည်များ နှစ်စဉ်ဝင်ရောက်လျက်ရှိပြီး ၎င်းတို့ တည်းခိုနားနေရန်အတွက် ဟိုတယ်နှင့်တည်းခိုရိပ်သာများကို တရားဝင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်ပခရီးသွားများအတွက် တည်းခိုဝန်ဆောင်မှုပေးရန် ဆောင်ရွက်လိုသော ဟိုတယ်နှင့် တည်းခိုရိပ်သာများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြင်ဆင်ဆောင်ရွက်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သိရသည်။

“လုပ်ငန်းလိုင်စင်တွေကိုတော့ ဌာနက ထုတ်ပေးတာဖြစ်ပါတယ်။ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းလုပ်ချင်သူတွေက လိုင်စင်တင်ပြလျှောက်ထားရပါတယ်။ တင်ပြလျှောက်ထားလာတာမှန်သမျှကို ဥပဒေ၊ နည်းဥပဒေတွေနဲ့သက်ဆိုင်တဲ့ ညွှန်ကြားချက်တွေ ကိုက်ညီမှုရှိရင် စိစစ်ပြီးတော့ ပုံမှန်ခွင့်ပြုပေးနေပါတယ်။ ဟိုတယ်၊ တည်းခိုခန်းလိုင်စင်လျှောက်မယ်ဆိုရင် သက်ဆိုင်ရာ ရပ်ကွက်၊ မြို့နယ်၊သက်ဆိုင်တဲ့ မီးသတ်ဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွေရဲ့ထောက်ခံချက်တွေနဲ့ တင်ပြရတာပါ။ ဒါတွေပြည့်စုံမှသာ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို တင်ပြပြီးတော့ ကော်မတီရဲ့ ခွင့်ပြုချက်နဲ့ ခွင့်ပြုပေးတာပါ”ဟု ဦးမင်းမောင်စိုးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ် ၄၄၉ လုံး၊ အခန်းပေါင်း ၁၉၈၉၆ ခန်း၊ တည်းခိုရိပ်သာ ၁၃၈ လုံး၊ အခန်းပေါင်း ၂၆၃၅ ခန်း စုစုပေါင်း ဟိုတယ်၊ တည်းခိုရိပ်သာ ၅၈၇ လုံးနှင့် အခန်းပေါင်း ၂၂၅၃၁ ခန်းအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးထားကြောင်း သိရသည်။ (၁၈၅)

## ရောဝတီမြစ်လင်းပိုင်ထိန်းသိမ်းရေးဇရိယာ အင်ဒေါင်းကျေးရွာအနီးတွင် ရောဝတီလင်းပိုင် ၁၇ ကောင် နေထိုင်ကျက်စားလျက်ရှိ

**မန္တလေး မတ် ၅**

ရောဝတီမြစ်လင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် အင်ဒေါင်းကျေးရွာအနီးတွင် ရောဝတီလင်းပိုင်း ၁၇ ကောင် နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ရောဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်း ရေကြောင်းတွင် နေထိုင်ကျက်စားနေသော ရောဝတီလင်းပိုင်များ၏ အခြေအနေကို လစဉ် တစ်လလျှင် သုံးကြိမ်သွားရောက်ကြည့်ရှုမှတ်တမ်းတင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ မတ် ၄ ရက်က ရောဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က စက်လှေဖြင့် သွားရောက်ကြည့်ရှုရာ အင်ဒေါင်းကျေးရွာအနီးတွင် ရောဝတီလင်းပိုင်များ နေထိုင်ကျက်စားလျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

“ရောဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာထဲကို ရောဝတီလင်းပိုင်တွေရဲ့ အခြေအနေတွေ မတ် ၄ ရက် နံနက်ပိုင်းက စက်လှေနဲ့သွားပြီးကြည့်ဖြစ်တယ်။ အခု လတ်တလောကတော့ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးမှာ ရောဝတီလင်းပိုင် ၁၇ ကောင် နေထိုင်ကျက်စားနေတာကို တွေ့မြင်ခဲ့ရပါတယ်”ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အလားတူ ရောဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားရှိ ကျေးရွာများတွင် နေထိုင်သော ရေလုပ်သားများအနေဖြင့်လည်း ရောဝတီလင်းပိုင် သားပေါက်များကို တွေ့ရှိပါက ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

## မန္တလေးဈေးချိုတော်၊မန္တလေးတောင်၊ရန်ကင်းတောင်နှင့် မန္တလေးဆိပ်ကမ်းသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၂၈၀၀ ကျော်ရှိလာ

**မန္တလေး မတ် ၅**

မန္တလေးဈေးချိုတော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်နှင့် မန္တလေးဆိပ်ကမ်းသို့ လိုင်းကားများဖြင့် ခရီးသွားလိုက်ပါစီးနင်းမှု တစ်ရက်လျှင် ဦးရေ ၂၈၀၀ ကျော်ထိရှိလာကြောင်း အမှတ် (၁၂၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ဌေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးမြို့တွင် ကုန်ကျစရိတ်သက်သာစွာဖြင့် လိုရာခရီးကိုသွားလာနိုင်ရေး လိုင်းကားများ ပြေးဆွဲပေးလျက်ရှိကြောင်း၊ မန္တလေးဈေးချိုတော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်းတို့သို့ လိုက်ပါစီးနင်းမည့် ခရီးသည်များ အဆင်ပြေလွယ်ကူစွာသွားနိုင်ရေးအတွက် အဓိကထား ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

“အခု မန္တလေးမြို့တွင်းဈေးချိုဘက်ဆိုရင် အခြား ကျောက်ဆည်၊ မြစ်ငယ်ဘက်ကနေ လိုင်းကားတွေနဲ့လိုက်ပါစီးနင်းမှုများတယ်။ ဈေးချိုဘက်ကို လိုက်ပါစီးနင်းတဲ့ခရီးသည်တွေကတော့ ဈေးရောင်းချတဲ့ခရီးသည်တွေ တော်တော်လေးများတယ်”ဟု ဦးမြင့်ဌေးက ပြောပြသည်။

မန္တလေးဈေးချိုတော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ်(၁၂၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့်ခရီးသည်ဦးရေမှာ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က တစ်ရက်လျှင်ဦးရေ ၂၆၀၀ ကျော်သာရှိခဲ့သော်လည်း မတ်လပထမပတ်အတွင်း လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၈၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

“အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံးလမ်းကြောင်းကတော့ ဈေးအရောင်းအဝယ်ကိစ္စနဲ့ဈေးချိုဘက်ကိုလိုက်ပါစီးနင်းတဲ့ ခရီးသည်တွေနဲ့ မန္တလေးတောင်ဘက်ကို ဘုရားဖူးသွားမဲ့ခရီးသည်တွေ လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ တချို့ကကျတော့လဲ လက်လုပ်၊ လက်စား ဈေးရောင်းတဲ့ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေရှိပါတယ်”ဟု အမှတ် (၁၂၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ဌေးက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သပိတ်ကျင်း မတ် ၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ဝါးဖြူတောင်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုးက အမှာစကားပြောကြားပြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝါးဖြူတောင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၁၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ကျိုးကွဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူစဉ်။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၅၄၆ ဧက စိုက်ပျိုးပြီးစီး



**ကသာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၅၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၁၉၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၅၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတာ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် ၁၈၅၄၆ ဧကမှာ နံနံ၊ မုန်ညင်း၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ချဉ်ပေါင်၊ ခရမ်း၊ ငရုတ် စတာတွေ စိုက်ပျိုးပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ဧက ၃၈၄၀၊ အင်းတော်မြို့နယ်တွင် ၄၈၀၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၂၃၈၀၊ ဗန်းမောက်မြို့နယ်တွင် ၇၅၂၁ ဧက စုစုပေါင်း ၁၈၅၄၆ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၂၁၉ ဧက၊ အင်းတော်မြို့နယ်တွင် ၃၅၂၃ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၁၈၂၆ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၅၆၂၉ ဧက စုစုပေါင်း ၁၄၁၉၇ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# စဉ့်ကူးမြို့နယ် ပျဉ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး မတ် ၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပျဉ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများက ပျဉ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းစာရင်းဇယားများ ဖြည့်သွင်းထားမှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပျဉ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။ **ချစ်ဦးကို**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၅၉၀၀၀ တင်ပို့ရောင်းချခဲ့

**ဘိုကလေး မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၅၉၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ငါးမြွေထိုးများကို ဝယ်ယူပြီး စနစ်တကျ အခြောက်လှန်းကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ငါးမြွေထိုးခြောက် ပိဿာချိန် ၄၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ငါးမြွေထိုးခြောက် ပိဿာချိန် ၅၉၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက်များကို ယခုလအတွင်း ရန်ကုန်တိုင်းဒေသကြီးက ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက် တင်ပို့ရောင်းချအားကောင်းခဲ့တာပါ။ တစ်လအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် ၅၉၀၀၀ တင်ပို့ရောင်းချခဲ့တာဖြစ်ပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဘိုကလေးဒေသခံတွေရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ငါးမြွေထိုးခြောက်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ငါးခြောက်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သာကဝန်နှင့် ရွှေအင်ပင် ဗိသုကာလက်ရာများ

မောင်သာ(ရှေးဟောင်းသုတေသန)

ရတနာပုံခေတ် မင်းနေပြည်တော်ဖြစ်ခဲ့သည့် မန္တလေးမြို့တွင် ရွှေကျောင်း၊ ဗန်းမော်တိုက်၊ မင်းထင်ကျောင်းတို့အပါအဝင် မြန်မာမှုလက်ရာများဖြင့် တည်ဆောက်ခဲ့သည့် သစ်သားကျောင်းတချို့ကို ယနေ့တိုင် ထိန်းသိမ်းထားသည်။ အဆိုပါ ကျောင်းများအနက် သီပေါမင်းပါတော်မမူမီ ခြောက်နှစ်အလိုတွင် တည်ဆောက်ခဲ့သည့် သာကဝန်ကျောင်းနှင့် သီပေါမင်းပါတော်မူပြီး ၁၀ နှစ်အကြာတွင် တည်ဆောက်ခဲ့သည့် ရွှေအင်ပင်ကျောင်းတို့သည် အထူးထင်ရှားသည့် ရှေးဟောင်းအဆောက်အအုံများဖြစ်ကြသည်။

သာကဝန်ကျောင်းကို ကင်းဝန်မင်းကြီးဦးကောင်းက ဆောက်လုပ်လှူဒါန်းခဲ့ကာ ရွှေအင်ပင်ကျောင်းကိုမူ သူဌေး ဦးစက်ရှင်က တည်ဆောက်လှူဒါန်းခဲ့သည်။ တည်ဆောက်ချိန် ၁၆ နှစ်ကွာခြားပြီး လက်ရာများသည် တစ်ကျောင်းနှင့်တစ်ကျောင်း တူညီမှုမရှိချေ။ သာကဝန်ကျောင်းသည် ဥရောပဟန်လွှမ်းသည့် လက်ရာဖြစ်၍ ရွှေအင်ပင်မှာမူ မြန်မာမှုလက်ရာစစ်စစ်ဖြစ်သည်။

**ကုန်းဘောင်ခေတ်ဘုန်းကြီးကျောင်းများ**

မြန်မာ့သမိုင်းတွင် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုခိုင်မာနေပြီဖြစ်သည့် ကုန်းဘောင်ခေတ်တွင် တည်ဆောက်ခဲ့သည့် သစ်သားဘုန်းကြီးကျောင်းများကို မန္တလေး၊ အင်းဝ၊ စစ်ကိုင်း၊ စလေ၊ စလင်း စသည့် ဒေသများတွင် အများဆုံးတွေ့ရှိရသည်။

ကုန်းဘောင်ခေတ်အတွင်း အလောင်းမင်းတရားဦးအောင်ဇေယျ၊ နောင်တော်ကြီးမင်း၊ မြေဒူးမင်း၊ ဗဒုံမင်း၊ စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့သည် ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြကြောင်း ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီးစာအုပ်တွင် ဖော်ပြထားသော်လည်း ယခုအချိန်တွင် ရတနာပုံခေတ်လက်ရာကျောင်းများသာ ကျန်ရှိတော့ပေသည်။

မင်းတုန်းနှင့် သီပေါမင်းနှစ်ပါးနန်းစံခဲ့သည့် ရတနာပုံခေတ်တွင် မန္တလေးမြို့၌ ဘုန်းကြီးကျောင်း ၅၅ ကျောင်းဆောက်လုပ်ခဲ့ပြီး မင်းတုန်းမင်းသည် မန္တလေးမြို့၏ အရပ်လေးမျက်နှာတွင် ဘုန်းတော်ကြီးကျောင်းများကို နေရာချထားခဲ့သည်။ သို့သော် နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သည့် ယခုအချိန်တွင် ၎င်းကျောင်းတိုက်များသည် အနည်းငယ်သာ ကျန်ရှိတော့ပေသည်။

ရတနာပုံခေတ်တွင် အထက်မြန်မာနိုင်ငံ၌ သစ်သားဘုန်းတော်ကြီးကျောင်းများကို ဘုရင်များ၊ မှူးမတ်များ၊ သူဌေးများက တည်ဆောက်ခဲ့ကြသည်။ သို့သော် စစ်ဘေးစစ်ဒဏ်ကျရောက်ခဲ့မှု၊ ရာသီဥတုဒဏ်ကိုခံခဲ့ရမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းမှုအစရှိသည့်အကြောင်းများစွာကြောင့် ဘုန်းကြီးကျောင်းတချို့သည် ပျက်စီးပျောက်ကွယ်ခဲ့သည်။

ထို့ကြောင့် ကျန်ရှိနေသည့် မြန်မာမှုလက်ရာသစ်သားဘုန်းတော်ကြီးကျောင်းများကို ထိန်းသိမ်းထားခဲ့ရာ မန္တလေးမြို့မှ သာကဝန်ကျောင်း၊ ရွှေနန်းတော်ကျောင်း၊ သင်္ဂဇာကျောင်း၊ အင်းဝမှ ဗားကရာကျောင်း၊ စစ်ကိုင်းတောင်မှ အရိယဝံသရုပ်စုံကျောင်း၊ စလေမှ ရုပ်စုံကျောင်း၊ လယ်ကိုင်းမှ ရုပ်စုံကျောင်း၊ ပခန်းမှ ကျောင်းတော်ကြီး စသည်တို့ပါဝင်ခဲ့သည်။ ထို့အတူ နိုင်ငံတော်က ထိန်းသိမ်းမထားသော်လည်း သက်ဆိုင်သူများက စောင့်ရှောက်ထားသည့် ဘုန်းတော်ကြီးကျောင်းများလည်း ကျန်ရှိနေပေသည်။ ရွှေအင်ပင်ကျောင်းကိုမူ ကိုလိုနီခေတ်ဦး၌ တည်ဆောက်ခဲ့သည်။

**ဥရောပဟန် သာကဝန်ကျောင်း**

သာကဝန်ကျောင်းသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ကုက္ကိုစုရပ်ကွက် ၈၆ လမ်းနှင့် ၃၈ လမ်းထောင့်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်ဝင်းအတွင်း၌ တည်ရှိသည်။ ကျောင်းတိုက်အတွင်းသို့ အရှေ့အနောက်သွယ်တန်းထားသည့် စောင်းတန်းအတိုင်း ၈၆ လမ်းဘက်မှ ဝင်ရောက်နိုင်သည်။

သာကဝန်ကျောင်းသည် ကိုလိုနီခေတ်စံအိမ်ကြီးတစ်ခုဟုထင်မှတ်ရကာ တည်ဆောက်ထားသည့် တြိဂံပုံမြင်းမိုရ်ပိတ်များ၊ ကြောင်လိမ်လှေကား၊ ကျွန်းသစ်သား လေးထောင့်တိုင်ကြီးများသည် ပြင်သစ်၊ အင်္ဂလန်စသည့် ဥရောပနိုင်ငံများရှိ နန်းတော်များ၏ ပုံစံကိုယူထားသည်ဟု ယူဆရပေသည်။

**ကင်းဝန်မင်းကြီး**

ရတနာပုံခေတ်တွင် အလွန်ထင်ရှားခဲ့သည့် ဝန်ကြီးတစ်ပါးဖြစ်သူ ကင်းဝန်မင်းကြီး၏ ငယ်အမည်သည် မောင်ချင်းဖြစ်ပြီး မောင်ချင်းကို ၁၈၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဖခင်ဦးမှိုနှင့် မိခင်ဒေါ်မယ်စိတို့က မုံရွာစီရင်စု ဗန့်ကျိတိုက်အဝင် ဆင်ရှင်မြို့နယ် မုံတိုင်ပင်ရွာ (ယခု စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မင်းတိုင်ပင်ရွာ)တွင်ဖွားမြင်ခဲ့သည်။ ထိုစဉ်က မင်းတိုင်ပင်ရွာတွင် အိမ်ခြေခုနစ်လုံးသာရှိခဲ့သည်ဟု ဆိုစမှတ်ရှိခဲ့သည်။ မောင်ချင်းသည် မွေးချင်းညီအစ်ကိုမောင်နှမ ခုနစ်ဦးအနက် ဒုတိယမြောက်ဖြစ်သည်။

မောင်ချင်းသည် အသက် ၁၀ နှစ်အရွယ်တွင် ရှင်သာမဏေပြုခဲ့ကာ ရဟန်းဝါငါးဝါအရောက် ၁၈၄၇ ခုနှစ်တွင် မင်းနေပြည်တော် အမရပူရသို့ ရောက်ရှိခဲ့ပြီးနောက် ပုဂံမင်းလက်ထက် ၁၈၄၉ ခုနှစ်တွင် လူဝတ်လဲ၍ မင်းတုန်းမင်းသားထံတွင်ခစားခဲ့သည်။ နန်းတွင်း၌ ခစားစဉ် ကဗျာရေးစပ်မှုအလွန်ကောင်းမွန်သဖြင့် မောင်ကောင်းဟု အမည်တွင်ခဲ့သည်။

အသက် ၂၈ နှစ်တွင် ဘဏ္ဍာစာရေး၊ အသက် ၃၀ တွင် ရွှေတိုက်စိုးဖြစ်လာခဲ့သည့် ဦးကောင်းသည် တိဏ္ဍုကပျို့ကို ရေးသားသဖြင့် အမှုတော်ရေးဖြစ်လာခဲ့ပြီး နောက်ပိုင်းတွင် လွှတ်တော်စာရေးကြီးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၈၆၆ ခုနှစ်တွင် ကင်းဝန်ဖြစ်ခဲ့ချိန်မှစ၍ ကင်းဝန်မင်းကြီးဟု ထင်ရှားလာခဲ့သည်။ ၁၈၇၁ ခုနှစ်တွင် ဝန်ကြီးဖြစ်လာခဲ့ကာ ပြင်သစ်၊ အီတလီနှင့် အင်္ဂလန်နိုင်ငံတို့သို့ ချစ်ကြည်ရေးသံအဖွဲ့ကို ဦးဆောင်၍သွားရောက်ခဲ့ပြီး ခရီးသွားစာမှတ်တမ်းများ ရေးသားခဲ့သည်။

အင်္ဂလန်သို့ရောက်ရှိခဲ့စဉ် ပို့စ်မောက်မြို့မှ ခံတပ်များကိုမြင်တွေ့ခဲ့ပြီး မြန်မာနိုင်ငံပြန်ရောက်ချိန်တွင် ရေဝတီမြစ်ကမ်းတစ်လျှောက်၌ ခံတပ်များဆောက်လုပ်ရန် စီစဉ်ခဲ့သည်။ ၎င်းတို့အနက် သုံးပွင့်ဆိုင်တည်ဆောက်ခဲ့သည့် အစေခံခံတပ်၊ ဆင်ကျုံးခံတပ်နှင့် သပြေတန်းခံတပ်တို့သည် အထင်ရှားဆုံးဖြစ်သည်။

ထို့အတူ ဥရောပတိုက်နိုင်ငံများသို့ ရောက်ရှိခဲ့စဉ် မြင်တွေ့ခဲ့ရသည့် ဗိသုကာလက်ရာများကို သာကဝန်ကျောင်းဆောက်လုပ်ရာတွင် ထည့်သွင်းပုံဖော်ခဲ့သည်။ ကင်းဝန်မင်းကြီးသည် ၁၉၀၈ ခုနှစ် ဇွန် ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည်။

**သာကဝန်ကျောင်းဗိသုကာလက်ရာများ**

ကင်းဝန်မင်းကြီး ဦးကောင်းသည် သာကဝန်ကျောင်းကို သက္ကရာဇ် ၁၂၄၁ ခုနှစ်တွင် တည်ဆောက်ခဲ့ကာ ထိုစဉ်က ငွေကျပ် ၅၀၀၀၀ ကျော် ကုန်ကျခဲ့သည်။ သာကဝန်ကျောင်းကို ဆောက်လုပ်ပြီးစီးချိန်တွင် ကင်းဝန်မင်းကြီးသည် ပထမကျော်၊ ပထမစာတော်ချ၊ ကျမ်းပြုစလင်းဆရာတော် ဦးပညာသီဟအား ရေစက်ချလှူဒါန်းခဲ့သည်။



ကင်းဝန်မင်းကြီးဦးကောင်း၏ အလှူတော် သာကဝန်ကျောင်းကို တွေ့ရစဉ်။

မြောက်အရပ်သို့မျက်နှာပြုထားသည့် သာကဝန်ကျောင်း၏ပန္နက်ပုံစံသည် လေးထောင့်စပ်စပ်ဖြစ်သည်။ ကျောင်း၏အောက်ထပ်မှ လေးထောင့်ကျွန်းတိုင်များသည် ကျောင်းမျက်နှာစာအလျားဘက်တွင် ၁၂ တိုင်နှင့် အနံဘက်တွင် ကိုးတိုင်ရှိသဖြင့် ကျောင်းတစ်ကျောင်းလုံးတွင် ကျွန်းတိုင် ၁၀၈ တိုင် ပါရှိသည်။ ကျောင်း၏အောက်ထပ်တွင် တိုင်များ၏ ဒုတိယတန်းမှစ၍ သစ်သားဆန်ခါပေါက်များဖြင့် ကာရံထားသည်။

ကျောင်းတွင်တပ်ဆင်ထားသည့် အုတ်လှေကားများအနက် မြောက်ဘက်လှေကားသည် အကြီးဆုံးနှင့် အကျယ်ဆုံးဖြစ်သည်။ ကျောင်းအမိုးလေးဖက်တွင် မြင်းမိုရ်ပိတ်များဆောက်လုပ်ကာ ထောင့်စွန်းတွင် တြိဂံပုံအကွက်များပြုလုပ်၍ ဥရောပဟန် သစ်သားလင်းယုန်ငှက်ရုပ်တုများကို ထည့်သွင်းထားသည်။

ခြေတံရှည်တည်ဆောက်ထားသည့် သာကဝန်ကျောင်း၏ တိုင်လုံးများအဆုံးတွင် မြန်မာ့ဟန် ပန်းကနုတ်များပုံဖော်ထားသည်။ တိုင်များကို မြေတွင်စိုက်ကာ ကျောင်းကြီးကို တည်ဆောက်ခဲ့သဖြင့် လက်ရှိအချိန်တွင် အပြင်ဆုံးအတန်းတိုင်များ၏ အောက်ခြေကို အင်္ဂတေဖြင့်ငုံကာ ဆွေးမြည့်မှုမှ ကာကွယ်ထားသည်။ အတွင်းပိုင်းတိုင်များကို မူလအတိုင်း မြေစိုက်တိုင်များအဖြစ် မြင်တွေ့ရသည်။ သာကဝန်ကျောင်း၏ မူလအမိုးသည် အမိုးခုံးဖြစ်ခဲ့ပြီး ၁၈၉၉ ခုနှစ်တွင် လေပြင်းကြောင့် အမိုးနှင့်ပြာသာဒ်ဆောင် နှစ်ဆောင်ပျက်စီးခဲ့သည်။ ထို့ကြောင့် ကင်းဝန်မင်းကြီး၏ မွေးစားသားဆရာတော်ဦးမွှာဘိ၏ ကပ္ပိယ ဦးလှေက ငွေကျပ် ၈၀၀၀၀ ကုန်ကျခံကာ အသစ်ပြန်လည်မိုးထားကြောင်း သိရှိခဲ့ရသည်။

မြောက်ဘက်လှေကားမှ ကျောင်းပေါ်သို့ တက်လျှင် အပြင်တံခါးမနှင့် စင်္ကြံတွင် သံပန်းများတပ်ဆင်ထားရာ ၎င်းတို့သည် မူလလက်ရာမဟုတ်ဘဲ ကျောင်းတိုက်လုံခြုံရေးအတွက် နောက်ပိုင်းမှတပ်ဆင်ထားသည့် အရံအတားများဟု ယူဆရသည်။

သာကဝန်ကျောင်း၏ အတွင်းဆောင်ကို စင်္ကြံလမ်းဖြင့်ပတ်ထားကာ သစ်သားကနုတ်များဖြင့်အကွက်ဖော်ထားသည့် တံခါး ၁၀ ချပ်ကို တွေ့ရှိနိုင်သည်။ ကျောင်းတိုက်ပင်မအဆောက်အအုံတစ်ခုလုံးကို သစ်သားအပြောက်အမွမ်းများဖြင့် တန်ဆာဆင်ထားပြီး မျက်နှာကြက်ပန်းများ၊ တိုင်ဖုံးနှင့်တိုင်ထောင့် ပန်းကနုတ်များ၊ မြောင်းများဖော်ထားသည့် တိုင်ထောက်များသည် အလွန်လှပထူးခြားနေပေသည်။

တံခါးများတွင် မင်းတုပ်များတပ်ဆင်ထားပြီး ဝဲယာနှစ်ဖက်လှည့်နိုင်သည့် လက်ကိုင်ဖုလုံးများဖြင့် တံခါးအဖွင့်၊ အပိတ်ကို ထိန်းထားသည်။

သာကဝန်ကျောင်း၏ ခန်းမဆောင်အတွင်းသို့ မြောက်ဘက်ရှိ ဇာပြတင်းများမှဝင်သည့်အလင်းရောင် အနည်းငယ်သာရှိသဖြင့် အလင်းအားနည်းနေသော်လည်း တံခါးမကြီးကိုဖွင့်လိုက်လျှင် လုံလောက်သော အလင်းရောင်ကိုရရှိသည်။ ခန်းမဆောင်ကြီးကို အခန်းငယ်ငါးခန်းဖြင့်ပတ်ရံထားကာ လူတစ်ဦး ကောင်းစွာဝင်ထွက်နိုင်ပြီး လူတစ်ရပ်ကျော်မြင့်သည့် ထပ်ခိုးတစ်ခုကို ထည့်သွင်းပြုလုပ်ထားသည်။ ထပ်ခိုးသို့တက်ရန် သစ်သားကြောင်လိမ်လှေကားပြုလုပ်ထားပြီး ထပ်ခိုးအလယ်၌ရှိနေသည့် ထုလုံးရှည်ပုံအခန်းတစ်ခုသည် ကင်းဝန်မင်းကြီး တရားထိုင်ခဲ့သည့်နေရာဖြစ်ကြောင်း သာကဝန်ကျောင်းမှ လိုက်လံပြသသူပုဂ္ဂိုလ်က ရှင်းပြခဲ့သည်။ ဝင်ပေါက်တစ်ပေါက်သာရှိသည့် ၎င်းနေရာသည် ဘုရားဆောင်ဖြစ်ကာ ရေဆင်းမြောင်းငယ်များကို ထည့်သွင်းပြုလုပ်ခဲ့သည်။

ဥရောပဟန်ကျောင်းကြီးကို ရတနာပုံခေတ်လက်သမားပညာရှင်များနှင့် ပန်းပုပညာရှင်များက တည်ဆောက်ခဲ့ကြကာ ကင်းဝန်မင်းကြီးသည် သာကဝန်ကျောင်းကို မိမိနေထိုင်ရန်တည်ဆောက်ခဲ့ပြီး လက်ရာကောင်းလွန်းသဖြင့် ဘုန်းတော်ကြီးကျောင်းအဖြစ် လှူဒါန်းခဲ့သည်ဟူသည့် ယူဆမှုများလည်း ရှိခဲ့သည်။

**စေတ်မီဘုန်းတော်ကြီးကျောင်း**

ကင်းဝန်မင်းကြီးသည် သာကဝန်ကျောင်းကို ရတနာပုံခေတ်လက်ရာ မြန်မာဘုန်းတော်ကြီးကျောင်းများတည်ဆောက်ခဲ့သည့်ပုံစံဖြစ်သည့် ကျောင်းဦးပြာသာဒ်၊ စနုဆောင်၊ ဇေတဝန်ဆောင်နှင့် ဘောဂဆောင် စသည်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ခြင်းမပြုဘဲ ဆောင်မကြီးကိုဗဟိုပြု၍ အခန်းငယ်များကို ဝန်းရံတည်ဆောက်ခဲ့သည်။

ဆောင်မကြီး၏ လက်ဝဲဘက်ရှိ အခန်းငယ်တွင် သစ်သားကြောင်လိမ်လှေကားကို တပ်ဆင်ထားကာ ၎င်းလှေကားကို သစ်လုံးတစ်လုံးတည်းကို ထွင်းထုပြုလုပ်ခဲ့သည်။ ကြောင်လိမ်လှေကားမှ တက်သွားလျှင် သာကဝန်ကျောင်း၏ မျက်နှာကြက်နှင့် ထပ်ခိုးပေါ်သို့ ရောက်ရှိသည်။

ကင်းဝန်မင်းကြီးသည် ဥရောပတိုက်နိုင်ငံများသို့ မြန်မာသံအဖွဲ့ကိုဦးဆောင်လျက် နှစ်ကြိမ်သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ချိန်တွင် မန္တလေးမြို့၌ တည်ဆောက်ခဲ့သည့် သာကဝန်ကျောင်းသည် ဥရောပဟန်နှင့် မြန်မာမှုဟန်များရောယှက်နေခဲ့ကာ စုလစ်မွမ်းချွန်များမပါရှိခဲ့ချေ။

မင်းတုန်းမင်းနှင့် သီပေါမင်းနှစ်ဆက်တိုင် ဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည့် အမြော်အမြင်ကြီးမားသော ပညာရှိတစ်ဦးဖြစ်သူ ကင်းဝန်မင်းကြီး၏ သာကဝန်ကျောင်းသည် ထူးခြားသောလက်ရာတစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပခရီးသွားများကြား ထင်ရှားခဲ့ပေသည်။

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

➤ စာမျက်နှာ ၄ မှအဆက်

**ကိုလိုနီခေတ်ဦးရွှေအင်ပင်ကျောင်း**

မြန်မာနိုင်ငံလွတ်လပ်ရေးဆုံးရှုံးပြီးနောက် ကိုလိုနီခေတ်ဦးတွင် တည်ဆောက်ခဲ့သည့် ထင်ရှားသောသစ်သားဘုန်းတော်ကြီးကျောင်းများအနက် မန္တလေးမြို့ရှိ ရွှေအင်ပင်ကျောင်းသည် တစ်ကျောင်းအပါအဝင်ဖြစ်သည်။ ရွှေအင်ပင်သစ်သားကျောင်းကို ကိုလိုနီခေတ်တွင် တည်ဆောက်ခဲ့သော်လည်း ရတနာပုံခေတ်လက်ရာများဖြင့် မွမ်းမံခဲ့သည်။

**ရွှေအင်ပင်၏သမိုင်းနောက်ခံ**

မန္တလေးမြို့တွင် ယနေ့တိုင်ကျန်ရှိနေသည့် ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းများအနက် ရွှေကျောင်းသည် မန္တလေးတောင်ခြေတွင်တည်ရှိ၍ ရွှေအင်ပင်ကျောင်းသည် မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ၈၉ လမ်း အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။

ရွှေကျောင်းသည် မင်းတုန်းမင်း၏နန်းဆောင်ကို နေရာရွှေ့ပြောင်း၍ ဘုန်းကြီးကျောင်းအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့သဖြင့် ဘုန်းကြီးကျောင်းအဆောင်များမပြည့်စုံသော်လည်း ရွှေအင်ပင်ကျောင်းကိုမူ ဘုန်းကြီးကျောင်းအဖြစ် ရည်ရွယ်တည်ဆောက်ခဲ့သဖြင့် မြန်မာဘုန်းတော်ကြီးကျောင်း၏အင်္ဂါရပ်များ ပြည့်စုံစွာပါရှိသည်။

ရွှေအင်ပင်ကျောင်းကို သူဌေးဦးစက်ရှင်နှင့် ဇနီးဒေါ်ဘွားတို့က သီပေါမင်းပါတော်မူပြီး ၁၀ နှစ်အကြာ ခရစ်နှစ် ၁၈၉၅ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်)တွင် တိပိဋကဓရ ရွှေအင်ပင်ဆရာတော် ဦးဇဝနမဇ သီတင်းသုံးရန် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဒေါ်ဘွားသည် ပုဂံမင်းနှင့်တောင်ဆောင်တော်မိဖုရား ရမည်းသင်းမြို့စား၏မောင်တော်မောင်မောင်ကြီး၏ သမီးဖြစ်သည်။

ရွှေအင်ပင်ကျောင်းဒကာ ဦးစက်ရှင်၏ အုတ္တုပွတ္တိကျောက်စာကို ကျောင်းတိုက်၏အနောက်မြောက်ထောင့်တွင်စိုက်ထူထားပြီး ကျောင်းကြီး၏ အနောက်မြောက်ထောင့်တွင် ကျောင်းအလှူရှင် မိသားစုတချို့၏ အုတ်ဂူများတည်ရှိသည်။

**ရွှေအင်ပင်ကျောင်းဗိသုကာလက်ရာများ**

ရွှေပိန်းချကျောင်းများကို ပြာသာဒ်၊ မှန်ကင်း၊ စုလစ်၊ စိန်တောင်၊ အပြောက်အမွမ်းများ၊ အရုပ်များ၊ ပန်းများ၊ ပန်းပုရုပ်များဖြင့် မွမ်းမံတည်ဆောက်လေ့ရှိကြသဖြင့် ငွေကုန်ကျမှုအလွန်များပြားသောကြောင့် မင်းမိဖုရား၊ တော်ဝင်မိသားစုများကသာ ဆောက်လုပ်လေ့ရှိကြသည်။ ငွေကြေးများစွာသုံးစွဲနိုင်သော်လည်း သူဌေးသူကြွယ်များသည် ဘုရင်လှူဒါန်းသည့်ကျောင်းများကဲ့သို့ အလွန်ခမ်းနားစွာ တည်ဆောက်ခွင့်မရှိချေ။ ထို့ကြောင့် သူဌေးအလှူတော် ရွှေအင်ပင်ကျောင်းသည် သီပေါဘုရင့်အလှူတော်ရွှေကျောင်းကို မမီခဲ့ချေ။

သို့သော် ရွှေအင်ပင်ကျောင်းသည် ရွှေကျောင်းပြီးလျှင်မြန်မာမှုလက်ရာပန်းပုရုပ်များ အများဆုံးတပ်ဆင်ထားကာ မြန်မာမှု၊ မြန်မာ့ဟန် အမွမ်းအပြောက်များကို မြင်တွေ့နိုင်ကြသည်။ ကျောင်း၏ တံခါးရွက်များ၊ ပြာသာဒ်များ၊ ဝရန်တာများ၊ ဘုရားဆောင်များကို လက်ရာမြောက်စွာ အလှဆင်ခဲ့သည်။

ရွှေအင်ပင်ကျောင်းကြီးကို တိုင်လုံးပေါင်း ၁၅၄ တိုင် စိုက်ထူဆောက်လုပ်ထားပြီး ဝရန်တာဘက်ရှိတိုင်များထိပ်တွင် စကျင်ကျောက်ဖြင့်ပြုလုပ်ထားသည့် တိုင်အုပ်များဖုံးအုပ်ထားသည်။ ကျောင်းကြီးကို မြောက်ဘက်သို့မျက်နှာမူထားကာ သရက်ကင်းပုံစံထုထည်ကြီးမားသော အုတ်လှေကားရှစ်စင်းတပ်ဆင်ထားသည်။

ကျောင်းတိုက်ဝင်ပေါက်တံခါးများ၏ တစ်ဖက်စီတွင် လောကပါလနတ်မင်းကြီးလေးပါးပုံများနှင့် စမြင်ပတ်လည်လက်ရန်းများတွင် ကနုတ်ပန်းများနှင့် ရုပ်လုံးရုပ်ကြွများကို လှပစွာအသေးစိတ်ထုလုပ်ထားသည်။ ရွှေအင်ပင်ကျောင်းတွင် အရုပ်နှင့်ပန်းကို မျှတစွာထည့်သွင်းထုလုပ်ထားပြီး လူနတ်ဖြဟ္မာသတ္တဝါအမျိုးမျိုးကို တင့်တယ်လှပစွာပုံဖော်ထားသည်။

ရွှေအင်ပင်ကျောင်းတိုက်၏ မုခ်ဦးပြာသာဒ်ကို ဘုံခုနစ်ဆင့်တည်ဆောက်ထားပြီး ဆောင်မကြီး၏ အရှေ့မာရဘင်ဆောင်ကို ဘုရားဆောင်အဖြစ်အသုံးပြုသည်။ ဘုရားဆောင်ပလ္လင်အောက်ခြေနှစ်ဖက်ရှိ လောကနတ်ရုပ်နှစ်ရုပ်သည် အလွန်လက်ရာမြောက်လှပေသည်။

ဝရန်တာလက်ရန်းများတွင် ဇာတ်ကြီးဆယ်ဘွဲ့မှဇာတ်တော်များကို ထုလုပ်ထားရာ ကျောင်းတိုက်၏တောင်ဘက်ခြမ်း ဝရန်တာလက်ရန်းတွင် ဝေဿန္တရာဇာတ်တော်မှ ကဏှာ၊ ဇာလီနှင့် စူဇကာပုဏ္ဏားဇာတ်ကွက်နှင့် ဘူရိဒတ်ဇာတ်တော်မှ နဂါးမင်းအား အလမ္ပာယ်ပြသည့်ဇာတ်ကွက်တို့ကိုလည်းကောင်း၊ ကျောင်းတိုက်၏ မြောက်ဘက်ခြမ်း ဝရန်တာတွင် ဝိဓူရဇာတ်တော်မှ ပုဏ္ဏက ဘီလူးနှင့်ဝိဓူရအမတ် မေးလျှောက်ခန်းဇာတ်ကွက်နှင့် ဝေဿန္တရာဇာတ်တော်မှ မယ်မဒီ သစ်သီးရှာခန်းဇာတ်ကွက်တို့ကိုလည်းကောင်း လက်ရာမြောက်စွာထုလုပ်ထားသည်။ တံခါးရွက်များရှိ နတ်ရုပ်များအနက် အပြင်တံခါးရွက်ပေါ်မှ နတ်ရုပ်များကို ရွှေအင်ပင်ကျောင်းတွင် ဘောဂစမုတ်ဆောင်ဟုခေါ်သည့် ခုံးဆောင်ကို ဆောင်မကြီးနှင့်ဘောဂဆောင်ကြား၌ ထည့်သွင်းဆောက်လုပ်ထားသည်။ ခုံးဆောင်ကို တိုးလျှိုပေါက်ဖွင့်ထားသဖြင့် အမြင်ရှင်းကာ လေဝင်လေထွက်ကောင်းမွန်သည့်အပြင် ဒီဇိုင်းက ဆန်းသစ်နေပေသည်။ ရွှေအင်ပင်ကျောင်း၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်ကြားရှိ ရှေးဟောင်းရေတွင်းဟောင်းကိုလည်း ထိန်းသိမ်းထားရှိသည်။

မန္တလေးမြို့ရှိ ရွှေနန်းတော်နှင့် ရွှေအင်ပင်သစ်သားဘုန်းတော်ကြီးကျောင်းတို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုလက်ရာများ စုစည်းတည်ရှိနေသည့် ကျောင်းတော်ကြီးများဖြစ်ကြသည့်အားလျော်စွာ ပြည်တွင်း၊ ပြည်ပခရီးသည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိနေကြပေသည်။

ရတနာပုံခေတ် အလှူရှင်ဇနီးမောင်နှံတို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် သက်တမ်းနှစ် ၁၃၀ ခန့်ရှိပြီဖြစ်သော ရွှေအင်ပင်သစ်သားကျောင်းကြီးသည် ယခုအချိန်တွင် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံတစ်ခုအဖြစ် တည်ရှိနေသည်။

**ကိုးကား**

- **ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး(ဦးမောင်မောင်တင်)**
- **ပြင်သစ်နိုင်ငံသွားနေ့စဉ်မှတ်စာတမ်း(ကင်းဝန်မင်းကြီး)**
- **ကုန်းပေါင်ခေတ်နှောင်းဘုန်းကြီးကျောင်းများ(ဦးမျိုးမြင့်စိန်)**
- **မြန်မာ့ယဉ်ကျေးမှု မြန်မာ့ရှေးဟောင်းဘုန်းတော်ကြီးကျောင်းကြီးများ(နတ်မောက်ထွန်းရှိန်)**
- **မြန်မာမှုအဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ(မောင်ယဉ်လှိုင်၊ ပျဉ်းမဖြိုင်)**
- **စာဆိုတော်များအတ္ထုပ္ပတ္တိ(ဗိုလ်မှူးဘသောင်း)**

## တက္ကသိုလ်ဝင်စာမေးပွဲ

\- စာဖြေရန် နီးပြီမို့
ကျောင်းသားတို့ စာကျက်ပါ၊
လေ့ကျင့်လေ အချိန်မဖြုန်း
ရှင်ပြုံးလျက်သာ၊
စည်းကမ်းရှိ ဖြေဆိုရာ
အောင်မြင်မှာ အစဉ်မြဲ၊
ကျောင်းတော်ဆီ အရောက်လှမ်း
ဂုဏ်ပန်းဆင်နွဲ။

\- တက္ကသိုလ်ဝင် စာမေးပွဲ
တူယှဉ်နွှဲ ပျော်ပျော်ရွှင်၊
မိဘဆရာ စုပေါင်းအား
ကြိုးစားပြင်ဆင်၊
ကြီးကြပ်လျက် ကျောင်းတွင်းပြင်
သေချာပင် ဂရုပြု၊
ကလေးတွေ ပညာရေးကို
အားပေးရှေးရှု။

\- နိုင်ငံတော်အနာဂတ်
ဂုဏ်ဒြပ်က ပညာပါ၊
လက်တွဲကာ အတူလှမ်း
ကြိုးပမ်းရမှာ၊
စာမေးပွဲကြီး နီးကပ်လာ
စွမ်းနိုင်ရာ ပါဝင်ပေး၊
တို့ရွှေပြည် ဂုဏ်ရောင်ဝင့်
တင့်တယ်ဖို့လေး။ ။

**ဖြိုးထက်(ရေစကြို)**

## ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၇၁၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၇၁၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၉၂၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၁၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ငရုတ် ၉၂၅၁ ဧကစိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ငရုတ် ၇၁၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ ငရုတ်အပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။ **ကျော်ကျော်လင်း**



# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက Transporter-10 မစ်ရှင်ဖြင့် ဂြိုဟ်တု ၅၃ စင်းကို မတ် ၄ ရက်တွင် လွှတ်တင်ခဲ့



**ဝါရှင်တန် မတ် ၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Transporter-10 အမည်ရှိ မစ်ရှင်ဖြင့် ဂြိုဟ်တု ၅၃ စင်းကို မတ် ၄ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါဂြိုဟ်တု ၅၃ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး နှစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ထိပ်ဖူးဒုံးယာဉ်သည် သယ်ဆောင်ထားသည့် ဂြိုဟ်တုများကို မတူညီသည့် ပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Transporter-10 မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ယခုနှစ်အတွက် ၂၁ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၁၄၄ ခုထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကြာသပတေးဂြိုဟ်၏ စတုတ္ထအကြီးဆုံး ယူရိုပါဂြိုဟ်ရံလပေါ်၌ မျှော်လင့်ထားသည်ထက် ပို၍အောက်ဆီဂျင်နည်းပါး


**နယူးယောက် မတ် ၅**

ကြာသပတေးဂြိုဟ်၏ စတုတ္ထအကြီးဆုံးဖြစ်သော ယူရိုပါဂြိုဟ်ရံလပေါ်၌ မျှော်လင့်ထားသည်ထက် ပို၍အောက်ဆီဂျင်နည်းပါးကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရှေးယခင်က ယူရိုပါဂြိုဟ်ရံလကို သက်ရှိများရှင်သန်နိုင်ခြေ အမြင့်မားဆုံး နေအဖွဲ့အစည်းနယ်မြေအဖြစ် သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ပရင့်စတန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏အဆိုအရ ယူရိုပါဂြိုဟ်ရံလမျက်နှာပြင်ပေါ်၌ အောက်ဆီဂျင်တည်ရှိမှုမှာ မျှော်လင့်ထားသည်ထက် ပိုနည်းပါးကြောင်း သိရသည်။






အောက်ဆီဂျင်သည် ဆဲလ်များ လည်ပတ်လှုပ်ရှားနိုင်ရေးအတွက် အရေးကြီးသည့် ဓာတုပစ္စည်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ယူရိုပါဂြိုဟ်ရံလမျက်နှာပြင်ပေါ်၌ အောက်ဆီဂျင်တည်ရှိမှုမှာ မျှော်လင့်ထားသည်ထက် ပိုနည်းပါးမှုကြောင့် ၎င်းဂြိုဟ်ရံလပေါ်၌ သက်ရှိများရှင်သန်နိုင်မည့်အလားအလာ နည်းပါးသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ယူရိုပါဂြိုဟ်ရံလသည် ကမ္ဘာဂြိုဟ်၏ ဂြိုဟ်ရံလထက် အရွယ်အစား အနည်းငယ်ပိုသေးငယ်ပြီး ထုထည်အားဖြင့် ၁၀ မိုင်မှ ၁၅ မိုင်ထိရှိမည့် ရေခဲလွှာတစ်ခုက ဖုံးလွှမ်းထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Space-X ကုမ္ပဏီက Crew-8 မစ်ရှင်ဖြင့် အာကာသယာဉ်မှူးလေးဦးကို မတ် ၄ ရက်တွင် နိုင်ငံတကာအာကာသစခန်းသို့ စေလွှတ်ခဲ့

**ဝါရှင်တန် မတ် ၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Crew-8 အမည်ရှိ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးလေးဦးကို မတ် ၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူး သုံးဦးနှင့် ရုရှားအာကာသယာဉ်မှူး တစ်ဦးလိုက်ပါသွားသည့် Crew Dragon အာကာသ လူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၂ မိနစ်နှင့် ၁၅ စက္ကန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် Crew Dragon အာကာသလူသယ်ယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်း အောက်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Crew Dragon အာကာသလူသယ်ယာဉ်သည် မတ် ၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိသည်ဟု နာဆာအဖွဲ့က ကြေညာထားကြောင်း သိရသည်။

အဆိုပါ အာကာသလူသယ်ယာဉ်ဖြင့် လိုက်ပါသွားသည့် အာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

Crew-8 မစ်ရှင်သည် နာဆာအဖွဲ့နှင့်ရယူထားသည့် သဘောတူညီချက်အရ Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ပေးခဲ့သော အဋ္ဌမမြောက် နိုင်ငံတကာ အာကာသစခန်း အာကာသယာဉ်မှူး သယ်ယူပို့ဆောင်ရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## စမ်းသပ်ဆဲကိုယ်အလေးချိန်လျှော့ချရေးဆေးတစ်မျိုးက Ozempic နှင့် Wegovy ဆေးများထက်ငါးဆပိုမြန်

**နယူးယောက် မတ် ၅**

စမ်းသပ်ဆဲ ကိုယ်အလေးချိန်လျှော့ချရေး ဆေးတစ်မျိုးသည် Ozempic နှင့် Wegovy ဆေးများထက် ကိုယ်အလေးချိန်ကို လျှော့ချရာတွင် ငါးဆပိုမြန်ကြောင်း မတ် ၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကိုယ်အလေးချိန်လျှော့ချရေးဆေးကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Viking Pharmaceuticals ကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Viking ကုမ္ပဏီသည် Vk2735 အမည်ရှိ အဆိုပါ ကိုယ်အလေးချိန်လျှော့ချရေးဆေးသစ်ကို အဝလွန်သူများ၊ ကိုယ်အလေးချိန် လွန်ကဲသူများနှင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ သီတင်းတစ်ပတ်လျှင် တစ်ကြိမ်သာထိုးနှံရန်လိုအပ်သည့် Vk2735 ဆေးသည် စမ်းသပ်မှုတွင် ပါဝင်သူများ၏ ကိုယ်အလေးချိန်ကို ဆေးထိုးနှံပြီး သီတင်းပတ် ၁၃ ပတ်အတွင်း ၁၄ ဒသမ ၇ ရာခိုင်နှုန်း သို့မဟုတ် ၃၂ ပေါင်ထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက Ozempic နှင့် Wegovy ဆေးများကမူ Vk2735 ဆေး လျှော့ချပေးနိုင်သည့် ကိုယ်အလေးချိန်ပမာဏကို လျှော့ချပေးနိုင်ရန် သီတင်းပတ် ၆၈ ပတ်ထိ အချိန်ယူရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုခံစားနေကြရသူများ မှတ်ဉာဏ်နှင့်စဉ်းစားဆင်ခြင်နိုင်မှုပြဿနာပေါ်ထွက်လာနိုင်

**နယူးယောက် မတ် ၅**

အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာခံစားနေကြရသူများတွင် မှတ်ဉာဏ်ပြဿနာနှင့် စဉ်းစားဆင်ခြင်နိုင်မှုဆိုင်ရာ ပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း မတ် ၄ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာ(Sleep Apnea) နှင့် ဦးနှောက်ကျန်းမာရေးတို့ကြား ဆက်စပ်မှု ရှိ၊ မရှိ သိနိုင်ရေးအတွက် အသက် ၂၀ နှင့် အသက် ၈၀ ကြား လူပေါင်း ၄၂၅၇ ဦးတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာရှိနေသူများတွင် မှတ်ဉာဏ်နှင့် စဉ်းစားဆင်ခြင်နိုင်မှုဆိုင်ရာ ပြဿနာများ ပေါ်လာနိုင်ခြေမြင့်မားနေတတ်ကြောင်း သိရသည်။

သို့ရာတွင် အိပ်စက်ချိန် လေပြွန်လမ်းကြောင်း ပိတ်ဆို့မှုပြဿနာနှင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်နိုင်မှုတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို မသိရသေးကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်အရ အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာရှိနေသူများသည် ၎င်းပြဿနာမရှိသူများနှင့် နှိုင်းယှဉ်ပါက မှတ်ဉာဏ်နှင့် စဉ်းစားဆင်ခြင်နိုင်မှုပြဿနာများ ပေါ်လာနိုင်ခြေ ၅၀ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် Sleep Apnea ပြဿနာကို ကုသခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းလာမှုကို လျှော့ချပေးနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများဖြင့်လည်း ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုပြဿနာကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



နိုင်ငံတကာ
**အားကစားသတင်းများ**

# မက်ဆီနှင့် တွဲဖက်ကစားလိုကြောင်း နေမာ ထုတ်ဖော်ပြောကြား

**ရီယာ့ဒ် မတ် ၅**

ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူနေရသည့် အယ်ဟိုင်လာ အသင်းတိုက်စစ်မှူး နေမာက အမေရိကန်ကလပ် အင်တာမီယာမီ အသင်းတွင် ကစားနေသည့် တိုက်စစ်မှူး မက်ဆီနှင့် အနာဂတ်တွင် ပြန်လည်တွဲဖက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

မက်ဆီနှင့် နေမာတို့သည် ယခင်က ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့တွင် တွဲဖက်ကစားခဲ့သည့် တိုက်စစ်မှူးများဖြစ်ပြီး ၂၀၂၃ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလက မက်ဆီက မေဂျာလိဂ်ကလပ် အင်တာမီယာမီသို့လည်းကောင်း၊ နေမာက ဆော်ဒီပရိုလိဂ် အယ်ဟိုင်လာအသင်းသို့လည်းကောင်း ပြောင်းရွှေ့ခဲ့ကာ မက်ဆီအနေဖြင့် ဘာစီလိုနာအသင်းတွင် လက်တွဲခဲ့ဖူးသည့်အသင်းဖော်ဟောင်းများဖြစ်သည့် ဘက်စကွက်စ်၊ အလာဘာနှင့် ဆွာရက်ဇ်တို့ကို အင်တာမီယာမီသို့ ပြန်လည်ခေါ်ယူခဲ့သည်။

ထို့ကြောင့် မက်ဆီနှင့်တွဲဖက်ကစားခဲ့သည့် တိုက်စစ်မှူးနေမာကလည်း ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းမှထွက်ခွာခဲ့ပါက တိုက်စစ်မှူး မက်ဆီ၏ အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ထားပြီး မက်ဆီနှင့် တွဲဖက်ကစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နေမာက "တစ်နေ့မှာ မက်ဆီနဲ့အတူပြန်ကစားဖို့ မျှော်လင့်ထားပါတယ်။မက်ဆီဟာ ဘောလုံးလောကမှာ အကောင်းဆုံးဆိုတာ အားလုံးသိထားပြီးဖြစ်ပါတယ်။ မက်ဆီနဲ့ကစားရတာ အရမ်းပျော်ဖို့ကောင်းပါတယ်။ ပြိုင်ပွဲအတွင်း သူပျော်နေရင် ကျွန်တော်လဲပျော်ရပါတယ်။ ပီအက်စ်ဂျီ အသင်းမှာတော့ ကျွန်တော်တို့နှစ်ယောက်လုံးခက်ခဲတဲ့ကာလတွေနဲ့ကြုံခဲ့ရတာပါ။ကစားသမားဘဝကအနားမယူမီ အမေရိကန်မှာ တစ်ရာသီလောက်ကစားချင်ပါသေးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



# ဘယ်လင်ဟမ်၏အနီကတ်ပြစ်ဒဏ်ကို ရီးရဲလ်မက်ဒရစ်အသင်း အယူခံတင်သွင်း







**မက်ဒရစ် မတ် ၅**

ဗလင်စီယာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ပွဲသိမ်းခရာမှုတ်ချိန်တွင် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်အနီကတ်ပြသခံရသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက လာလီဂါအဖွဲ့ချုပ်ထံ အယူခံတင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေချိန် အချိန်ပို ကိုးမိနစ်ထပ်မံခွင့်ပြုခဲ့ရာ အချိန်ပိုနောက်ဆုံးမိနစ်၌ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး ဒီယက်ဂိ၏ ဖြတ်တင်ဘောကို ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ခေါင်းတိုက်၍ အနိုင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ကွင်းလယ်ဒိုင်က ပွဲသိမ်းခရာမှုတ်ခဲ့သောကြောင့် ဘယ်လင်ဟမ်အနေဖြင့် ၎င်း၏သွင်းဂိုးကို ခွင့်ပြုပေးရန် စောဒကတက်ခဲ့သဖြင့် ကွင်းလယ်ဒိုင် မန်ဇာနိုက အနီကတ်ပြထုတ်ပယ်ခဲ့သည်။

ပွဲအပြီး ဒိုင်အစီရင်ခံစာတွင် ဘယ်လင်ဟမ်အနေဖြင့် ၎င်း၏ သွင်းဂိုးကို ခွင့်မပြုပေးခဲ့သည့် ကွင်းလယ်ဒိုင်ကို အင်္ဂလိပ်ဘာသာစကားဖြင့် ရိုင်းပျစွာအော်ဟစ်ပြောဆိုမှုများပြုလုပ်ခဲ့ကြောင်း မန်ဇာနိုက ရေးသားခဲ့သော်လည်း နည်းပြအန်ဆယ်လော့တီက ကစားသမားဘက်မှ ကာကွယ်ပြောကြားမှုများ ပြုလုပ်ခဲ့ပြီး အသင်းတာဝန်ရှိသူများကလည်း အဆိုပါအနီကတ်ပြစ်ဒဏ်အတွက် အယူခံတင်သွင်းခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဗလင်စီယာအသင်းနှင့် ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း အမှတ်ပေးဇယားအဆင့်(၂)မှ ဂျီရိုနာအသင်းက မာယော့ကာကိုတစ်ဂိုးဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည့်အပြင် အမှတ်ပေးဇယားအဆင့်(၃)မှ ဘာစီလိုနာအသင်းကလည်း ဘီလ်ဘာအိုအသင်းကိုဂိုးမရှိသရေရလဒ်သာ ကစားနိုင်ခဲ့သောကြောင့် ဂျီရိုနာနှင့်ဘာစီလိုနာအသင်းတို့ကို ရမှတ်ဖြတ်တောက်နိုင်ခဲ့ပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ပရီးမီးယားလိဂ်ပြိုင်ပွဲကို တာဝန်ယူခွင့်ရသည့် အိန္ဒိယလူမျိုးကွင်းလယ်ဒိုင်အဖြစ် ဆင်ဂေးလ်မှတ်တမ်းဝင်

**လန်ဒန် မတ် ၅**

လာမည့် မတ် ၉ ရက်၌ကျင်းပမည့် ပဲလေ့စ်အသင်းနှင့် လူတန်အသင်းတို့၏ပွဲစဉ်ကို အိန္ဒိယလူမျိုးကွင်းလယ်ဒိုင် ဆင်ဂေးလ်ကတာဝန်ယူခွင့်ရခဲ့သဖြင့် ဗြိတိန်ပြင်ပဒိုင်လူကြီးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၃၉ နှစ်ရှိ ကွင်းလယ်ဒိုင်ဆင်ဂေးလ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အင်္ဂလန်လိဂ်-၂ ပွဲစဉ်ဖြစ်သည့် နော်သမ်တန်အသင်းနှင့် ဟာတယ်ပူးလ်အသင်းတို့ ပွဲစဉ်ကို ပထမဆုံးတာဝန်ယူနိုင်ခဲ့ပြီးနောက် ၎င်း၏ဖခင်ဖြစ်သူ ဂျာနေးလ်နောက်ပိုင်း ဗြိတိန်ပြင်ပ အိန္ဒိယလူမျိုး ကွင်းလယ်ဒိုင်အဖြစ် မှတ်တမ်းဝင်ခဲ့သကဲ့သို့ ယခုအခါ လာမည့် စနေနေ့တွင်ကျင်းပမည့် ပရီးမီးယားလိဂ်ပွဲစဉ်ကို ထပ်မံတာဝန်ယူခွင့် ရရှိခဲ့သောကြောင့် ဗြိတိန်ပြင်ပ အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲကို တာဝန်ယူခဲ့ရသည့် ပထမဆုံးကွင်းလယ်ဒိုင်ဖြစ်လာခဲ့ကြောင်း သိရသည်။

ဆင်ဂေးလ်၏ဖခင်ဖြစ်သူ ဂျာနေးလ်သည် ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း အင်္ဂလန်အောက်တန်းလိဂ် ဘောလုံးပြိုင်ပွဲများတွင် ပြိုင်ပွဲပေါင်း ၁၅၀ ကျော်ကိုပထမဆုံးတာဝန်ယူခွင့်ရသည့် အိန္ဒိယလူမျိုး ကွင်းလယ်ဒိုင်တစ်ဦးဖြစ်ပြီး ယခုအခါ ဆင်ဂေးလ်အနေဖြင့် ဖခင်ဖြစ်သူ၏ အမွေကိုဆက်ခံ၍ ပရီးမီးယားလိဂ်ပြိုင်ပွဲကို တာဝန်ယူခွင့်ရခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်သမိုင်းတွင် ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်ပြင်ပမှ ကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူခွင့်ရသော ကွင်းလယ်ဒိုင်များမှာ ဆမ်အလစ်ဆန်၊ ဆမ်ဘားရော့၊ ဘော့ဘီမက်ဒလေ၊ ဂျွန်စမစ်၊ ရေဗက္ကာဝဲလ်ချ်၊ လူးဝစ်စမစ်တို့နောက်တွင် ဆင်ဂေးလ်က ခုနစ်ဦးမြောက်ကွင်းလယ်ဒိုင်ဖြစ်လာခဲ့ပြီး အဆိုပါကွင်းလယ်ဒိုင်များ၌ ရေဗက္ကာဝဲလ်ချ်က ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပထမဆုံးတာဝန်ယူခွင့်ရသည့်အမျိုးသမီးကွင်းလယ်ဒိုင်ဖြစ်ကြောင်းသိရသည်။

**Ref : RT**
**Trs : ML**

# Cognizant Classic ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား အောစတင်ဆွတ်ချူး

**ဖလော်ရီဒါ မတ် ၅**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင်ကျင်းပခဲ့သည့် PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲ အမျိုးအစားဖြစ်သည့် Cognizant Classic ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန် ဂေါက်သီးရိုက်ကစားသမား အောစတင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိကဂေါက်သီးရိုက်ကစားသမား ဗန်ရှိုယန်နှင့်ဩစတြေးလျဂေါက်သီးရိုက်ကစားသမား မင်ဝူလီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ကင်မရွန်းယန်း၊ ကနပ်တို့အပါအဝင် ပြိုင်ပွဲဝင် ငါးဦးထိ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။



ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် အောစတင်သည် နောက်ဆုံးနေ့တွင် Birdies သုံးကျင်း၊ Bogey တစ်ကျင်းရရှိခဲ့ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံးသော PGA Tour ဆုဖလားဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ချန်ပီယံဆုဆွတ်ခူးခဲ့သည့်အတွက် အောစတင်ကဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂ သန်းခံစားခွင့်ရရှိခဲ့သည်။

အောစတင်က "ကျွန်တော့်ဘဝရဲ့ပထမဆုံးသော PGA Tour ဆုဖလားကိုင်မြှောက်ခွင့်ရလို့ဝမ်းသာပါတယ်။လုံးဝထင်မထားတဲ့အောင်မြင်မှုပါ။၂၀၁၉ ခုနှစ်မတိုင်မီက ပြိုင်ပွဲတချို့မှာ ဆုဖလားတချို့ ဆွတ်ခူးခဲ့ပေမဲ့ PGA Tour ဆုဖလားကို တစ်ကြိမ်တစ်ခါမှ ဆွတ်ခူးနိုင်ခဲ့တာမရှိပါဘူး။၂၀၁၉ ခုနှစ်မတိုင်မီက ဆွတ်ခူးနိုင်ခဲ့တဲ့ ဆုဖလားတွေက ကောလိပ်ပြိုင်ပွဲတွေမှာဆွတ်ခူးခဲ့ဖူးတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အိပ်မက်တွေအမှန်တကယ်ဖြစ်လာလို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

## အားကစားသတင်း အတိုအထွာများ

- ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းက ဘက်တစ်အသင်းမှ ကာဗယ်ဟိုကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်း ခံစစ်ကစားသမား ဒီလိုက်က မိမိအနေဖြင့် လာမည့်နွေရာသီတွင်အသင်းမှ ထွက်ခွာနိုင်ကြောင်း မီဒီယာများနှင့်တွေ့ဆုံချိန်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းက လာမည့်နွေရာသီတွင် တိုက်စစ်မှူး အန်ကေးတီးယားကို ရောင်းချသွားမည်ဟု ပြောကြားခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ပေးချေနိုင်ပါက ခေါ်ယူနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။
- အာဆင်နယ်အသင်းက ရှက်ဖီးလ်(ယူ)အသင်းကို ပွဲကစားချိန် ၂၅ မိနစ်အတွင်း လေးဂိုးသွင်းယူပြီးချိန်တွင် ရှက်ဖီးလ်(ယူ) အသင်းပရိသတ်များက ကွင်းအတွင်းမှ စောစီးစွာထွက်ခွာသွားကြောင်း သိရသည်။

**ML**

# တက္ကသိုလ်ဝင်စာမေးပွဲကြီး ထူးချွန်စွာဖြေဆိုနိုင်ဖို့ဆိုလျှင်

မောင်သောင်းဝင်း(တမန်ဟောင်း)

မတ်လ ၁၁ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီး စတင်ဖြေဆိုတော့မည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းတွင်ပညာသင်ယူနေသော သားငယ်၊ သမီးငယ်အားလုံး အဆင်သင့်ဖြစ်နေပြီဟု ယုံကြည်မိသည်။ မိမိကိုယ်ကိုလည်း ယုံကြည်မှုအပြည့်အဝရှိနေပြီဟု ထင်သည်။ မိဘများကလည်း သားတို့၊ သမီးတို့ကို လိုအပ်သည်များ အစွမ်းကုန်ဖြည့်ဆည်းပေးထားကြမည်ဖြစ်သည်။ ယခုအချိန်သည် သားငယ်၊ သမီးငယ်တို့သည် ရှင်ပြုနားသပြုလုပ်တော့မည့် မောင်ရင်လောင်းများ၊ နားထွင်း သမီးလောင်းများသဖွယ်ဖြစ်နေသဖြင့် အစားအသောက်အနေအထိုင်အပြင် ရေချိုးရာတွင်လည်း အထူးဂရုစိုက်ရမည့်ကာလပင်ဖြစ်သည်။

**ကျန်းမာရေးသည်သာအဓရော**

စင်စစ်အားဖြင့် လက်ရှိအချိန်သည် သားငယ်၊ သမီးငယ်များအတွက် အရေးကြီးဆုံးအချက်သည် ကျန်းမာရေးကောင်းနေရန်ပင် ဖြစ်သည်။ နှာစေး၊ ချောင်းဆိုးဖြစ်၍ပင် မရပေ။ သားတို့၊ သမီးတို့ အနေဖြင့် စာကိုမည်မျှပင် ပိုင်နိုင်နေစေကာမူ စာမေးပွဲကာလတွင် ကျန်းမာရေးတစ်ခုခု ချို့ယွင်းနေမည်ဆိုလျှင် ထင်သလောက် ဖြေဆိုနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရန်လိုအပ်သည်။ ဝမ်းနှုတ်စာများ၊ လက်လုပ်အချဉ်များ၊ အသုပ်များ၊ အကင်များကို ရှောင်ကြဉ်သင့်သည်။ အချိန်မှန်အိပ်၊ အချိန်မှန်စားရန် လိုသည်။ ရေချိုးရာတွင်လည်း ဆင်ခြင်ရန်လိုသည်။ နွေးနွေးထွေးထွေး လုံလုံခြုံခြုံနေရန် လိုအပ်သည်။

သင်ခန်းစာအားလုံးကျေညက်နေသော သားငယ်၊ သမီးငယ်များအနေဖြင့် ကျန်းမာရေးကိုသာ အထူးဂရုစိုက်ရန်လိုသည်။ စာမေးပွဲကြီးဖြေဆိုခါနီးအချိန်တွင် ကျန်းမာရေးချူချာနေမည်ဆိုလျှင် ထင်ထားသလောက် အမှတ်ကောင်းကောင်း ရနိုင်မည်မဟုတ်ချေ။ စာမေးပွဲနီးမှ ညဉ့်နက်သန်းခေါင်စာကျက်နေမည်ဆိုလျှင် အားအင်ချည့်နဲ့ပြီး ကျန်းမာရေးချူချာလာမည်ဖြစ်သည်။ တချို့သော သားငယ်၊ သမီးငယ်များသည် စာမေးပွဲကာလတွင် မိုးလင်းသည်ထိ စာကြည့်ကြပြီး ကျောင်းမသွားမီ ရေချိုးလိုက်သည့်အခါ တစ်ညလုံး ကျက်မှတ်ထားသောစာအားလုံး မေ့ပျောက်သွားကြသည်။ များစွာနစ်နာလှသည်။ အထူးသဖြင့် စာမေးပွဲကာလတွင် အိပ်ရေးဝအောင် အိပ်သင့်သည်။ သို့မှသာလျှင် စာမေးပွဲခန်းထဲ၌ စိတ်ရွှင်လန်းနေပြီး ကျက်မှတ်ထားသည့် စာများအားလုံးကို မှတ်မိနေမည်ဖြစ်သည်။

**စနစ်တကျကြိုတင်ပြင်ဆင်ထားရန်လို**

သားငယ်၊ သမီးငယ်များအနေဖြင့် စာမေးပွဲအတွက် လိုအပ်သည့် ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ကွန်ပါဘူးများကို စနစ်တကျ ကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ စာမေးပွဲဖြေဆိုရာတွင် ဘောပင်အသစ်ဖြင့် ဖြေဆိုမည်ဆိုလျှင် မင်လိုက်မကောင်းသဖြင့် ရေးသားရာတွင် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ဖြစ်သင့်သည်မှာ ဘောပင်၊ ခဲတံများကို ကြိုတင်၍ အစမ်းရေးထားသင့်သည်။ မင်လိုက်ကောင်းသော ဘောပင်အမျိုးအစားကို ဝယ်ထားသင့်သည်။ မင်စိုဘောပင်များဖြင့် မဖြေသင့်ပေ။ မင်များပျံ့သွားပြီး အဖြေလွှာများကို ညစ်ပတ်စေနိုင်သည်။ ခဲသားချောသည့် ခဲတံသည် ပုံဆွဲရာတွင် အဆင်ပြေစေသည်။ တချို့သောခဲတံများသည် အရောင်မှိန်သဖြင့်ရုပ်ပုံနှင့် မျဉ်းကြောင်းများ မှေးမှိန်နေတတ်ပေသည်။ ထို့အတူ တချို့သောခဲဖျက်များသည် ပျက်မသွားဘဲ အဖြေလွှာများတွင် မည်းညစ်ကျန်တတ်သဖြင့် အရည်အသွေးကောင်းမွန်သောခဲဖျက်များကို ဝယ်ထားသင့်သည်။ ထောက်ချွန်များကိုလည်း ခဲတံတပ်၍ စက်ဝိုင်းပုံများ စမ်း၍ဆွဲထားသင့်သည်။ တစ်နိုင်ပါက စာမေးပွဲအတွက် လိုအပ်သောအထောက်အကူပစ္စည်းအားလုံးကို အသစ်ဝယ်ပြီး စမ်းသပ်၍ သုံးကြည့်ထားသင့်သည်။

**ဘာသာတရားကိုင်းရှိုင်းရန်လို**

စာမေးပွဲဖြေဆိုမည့် သားငယ်၊ သမီးငယ်များအနေဖြင့် မည်သည့်ဘာသာကိုကိုးကွယ်သည်ဖြစ်စေ သက်ဆိုင်ရာဘာသာကို မမေ့သင့်ပေ။ ဗုဒ္ဓဘာသာဝင်လူငယ်များအနေဖြင့်လည်း ရတနာသုံးပါးနှင့်အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးကိုမမေ့သင့်ပေ။ စာမေးပွဲဖြေဆိုမည့်နေ့တွင် ကျောင်းသို့မသွားမီ မြတ်စွာဘုရားရှေ့မှောက်တွင် ငါးပါးသီလခံယူ၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ မိဘများကို ကန်တော့ခြင်း၊ သတ္တဝါများကို မေတ္တာပို့ခြင်းများ ဆောင်ရွက်သွားသင့်ပေသည်။ တတ်နိုင်ပါက ငှက်ကလေးများကို အစာကျွေးခြင်းအပါအဝင် ကောင်းမှုကုသိုလ်ဒါန တစ်ခုခု ပြုလုပ်သွားသင့်ပေသည်။

**❖ သင်ခန်းစာအားလုံးကျေညက်နေသော သားငယ်၊ သမီးငယ်များအနေဖြင့် ကျန်းမာရေးကိုသာ အထူးဂရုစိုက်ရန်လိုသည်။ စာမေးပွဲကြီးဖြေဆိုခါနီး အချိန်တွင် ကျန်းမာရေးချူချာနေမည်ဆိုလျှင် ထင်ထားသလောက် အမှတ်ကောင်းကောင်းရနိုင်မည်မဟုတ်ချေ။ စာမေးပွဲနီးမှ ညဉ့်နက်သန်းခေါင်စာကျက်နေမည် ဆိုလျှင် အားအင်ချည့်နဲ့ပြီး ကျန်းမာရေးချူချာလာမည်ဖြစ်သည်။ တချို့သော သားငယ်၊ သမီးငယ်များသည် စာမေးပွဲကာလတွင် မိုးလင်းသည်ထိစာကြည့် ကြပြီး ကျောင်းမသွားမီ ရေချိုးလိုက်သည့်အခါ တစ်ညလုံးကျက်မှတ်ထားသော စာအားလုံး မေ့ပျောက်သွားကြသည်။ များစွာနစ်နာလှသည်။ ❖**

**ပြန်လည်စဉ်းစားလေ့ကျင့်ရန်လို**

အမှန်စင်စစ်မှာမူ စာကြိုးစားသော သားငယ်၊ သမီးငယ်များသည် သင်ခန်းစာအားလုံး ရပြီးနေလောက်ပြီဖြစ်သည်။ ဘာသာရပ်အလိုက် ခေါင်းစဉ်များကို ပြန်လည်စဉ်းစားရမည့်အချိန်ပင်ဖြစ်သည်။ ဘာသာရပ်အလိုက် အရေးကြီးသည့်အချက်အလက်များကို ပြန်လည်ဖတ်ခြင်း၊ စဉ်းစားခြင်း၊ လေ့ကျင့်ခြင်းတို့ဆောင်ရွက်နေရန်သာရှိသည်။ ဦးနှောက်ကြည်လင်လန်းဆန်းနေအောင် ပေါ့ပေါ့ပါးပါးနေရမည်ဖြစ်သည်။ ခဏတဖြုတ် တီဗီကြည့်ခြင်း၊ သီချင်းဆိုခြင်း၊ ဂိမ်းဆော့ခြင်း၊ လမ်းလျှောက်ထွက်ခြင်းတို့ လုပ်ပေးရမည်ဖြစ်သည်။ အားမရသည့်ဘာသာရပ်ကိုပြန်လည်နွှေးရမည့်အချိန်ဖြစ်သည်။

စာမေးပွဲနီးလာသည့်အချိန်တွင် သင်ခန်းစာအသစ်များကို ကျက်မှတ်သည်ထက် ကျက်မှတ်ပြီးသားသင်ခန်းစာများကိုသာ ပြန်လည်နွှေးသင့်သည်။ စာမရသဖြင့် မအိပ်ချင်အောင် လက်ဖက်သုပ်များစားပြီး ကော်ဖီနှင့်လက်ဖက်ရည်များကို အလွန်အကျွံသောက်ပြီး စာကျက်နေမည်ဆိုလျှင် မျက်စိကြောင်နေရုံမှအပ ခေါင်းထဲသို့ စာများရောက်မည်မဟုတ်ချေ။ စင်စစ်အားဖြင့် မအိပ်ဘဲ အလွန်အကျွံကျက်မှတ်နေမည်ဆိုလျှင် ခန္ဓာကိုယ်ကြီးသည် စိတ်အလိုမလိုက်နိုင်တော့ဘဲ ဗုန်းဗုန်းလဲကျသွားနိုင်သည်။ ထိုသို့ ကျန်းမာရေး ချို့ယွင်းလာလျှင် အတန်းတင်စာမေးပွဲကြီးနှင့်လွဲချော်သွားနိုင်သည်။ ထို့ကြောင့် မည်သည့်အရာတွင်မဆို အလွန်အကျွံမဖြစ်အောင် ဆင်ဆင်ခြင်ခြင် လုပ်ရန်လိုသည်။

**ဖိအားမပေးသင့်**

တချို့သောမိဘများသည် ကလေးများကိုစာမေးပွဲနီးမှသာ ညဉ့်နက်သန်းခေါင် စာကျက်ခိုင်းလေ့ရှိကြသည်။ မအိပ်ချင်အောင် လက်ဖက်သုပ်များ စားခိုင်းသည်။ ကော်ဖီ၊ လက်ဖက်ရည်များ သောက်ခိုင်းသည်။ အချဉ်များ စားခိုင်းသည်။ ငှက်သိုက်၊ ကြက်ပေါင်းရည်၊ ကျွဲရိုင်းကဲ့သို့သော အားဖြည့်အချိုရည်ဘူးများ တိုက်ကြသည်။ ထိုသို့လုပ်ခြင်းသည် ကလေးကိုညှဉ်းပန်းနှိပ်စက်နေခြင်းသာဖြစ်သည်။ ကလေးသည် စာကျက်မရသည့်အပြင် အိပ်ရေးပျက်ထားသောကြောင့်စာမေးပွဲဖြေဆိုရာတွင်လည်း စိတ်ရွှင်လန်းမှု၊ ဦးနှောက်ကြည်လင်မှုမရှိတော့ပေ။ အကျိုးဆက်အနေဖြင့် စာမေးပွဲ ကျရှုံးကြရသည်။

ထို့ကြောင့် မိဘများအနေဖြင့် စာမေးပွဲကာလတွင် ကလေးများကို ဖိအားမပေးမိဖို့ အထူးဂရုပြုရန် လိုအပ်သည်။

**ပြင်ဆင်ပေးသင့်**

ဖြစ်သင့်သည်မှာ မိဘများအနေဖြင့် တတ်နိုင်ပါက သားငယ်၊ သမီးငယ်များအတွက် အစိမ်းနှင့်အဖြူဝတ်စုံကို စာမေးပွဲဖြေဆိုမည့် ဘာသာရပ်တစ်ခုချင်းအလိုက်ကို တစ်စုံစီ သပ်သပ်ရပ်ရပ်စီစဉ်ပေးသင့်သည်။ စာမေးပွဲဖြေဆိုသည့်ရက်များတွင် ဝမ်းနှုတ်စာများ၊ အပူအစပ်၊ အဆီအအိမ့်များမကျွေးသင့်ပေ။ အစာကြေလွယ်သော အစားအသောက်များကိုသာ ကျွေးမွေးသင့်သည်။ နံနက်စာကို ထမင်းဖြူပူပူလေးကို ပဲဆီနှင့်နယ်ကျွေးလျှင် ရသည်။ တတ်နိုင်လျှင် ငါးလေးကြော်၊ အမဲခြောက်၊ ဆိတ်သားခြောက်ကြော် ပူပူလေးဖြင့် ကျွေးသင့်သည်။ စာမေးပွဲခန်းဝင်ခါနီးတွင် ရေနည်းနည်းတိုက်သင့်ပေသည်။ စိတ်တည်ငြိမ်စွာထားပြီး အကောင်းဆုံးဖြေဆိုခဲ့ရန် မှာလိုက်လျှင်ရသည်။

**ကျောင်းသို့ကြိုတင်သွားရန်လို**

စာမေးပွဲမဖြေဆိုမီ ကျောင်းသို့အနည်းဆုံး မိနစ် ၃၀ ခန့် ကြိုတင်ရောက်သင့်သည်။ စာမေးပွဲဖြေဆိုခွင့်ကတ်မမေ့ဖို့ အထူးသတိထားရန် လိုအပ်သည်။ ကျောင်းဝတ်စုံကိုလည်း သပ်သပ်ရပ်ရပ် ဝတ်ဆင်သွားသင့်သည်။ တစ်ကိုယ်လုံးရွှင်လန်းတက်ကြွနေမှသာလျှင် မိမိကိုယ်ကိုယုံကြည်မှုရှိနေမည်ဖြစ်သည်။ ကျောင်းသို့ရောက်လျှင် ကျောင်းစောင့်နတ်များ၊ စာမေးပွဲခန်းစောင့်ဆရာ၊ ဆရာမများကို မေတ္တာပို့သင့်သည်။ စာမေးပွဲခန်းဝင်ရန် ခေါင်းလောင်းတီးသည်နှင့် လိုအပ်သည့် ဘောပင်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်၊ ကွန်ပါဘူးများကို တစ်ပါတည်းယူသွားသင့်သည်။

**စနစ်တကျဖြေဆိုသင့်**

စာမေးပွဲခန်းကြီးကြပ်သူများက စည်းကမ်းချက်များဖတ်ပြလျှင် သေချာဂရုစိုက်နားထောင်သင့်သည်။ သက်ဆိုင်ရာဘာသာရပ်အလိုက် မေးခွန်းလွှာဝေလျှင် အစ၊ အဆုံး သေချာစွာဖတ်သင့်သည်။ မေးခွန်းတွင် စာများပျက်နေလျှင်၊ နံပါတ်ကျော်နေလျှင်၊ မစုံလျှင်၊ မေးခွန်းတွင် တစ်ခုခုလွဲချော်နေလျှင် အခန်းစောင့်ဆရာ၊ ဆရာမများကို ချက်ချင်းသတင်းပို့သင့်သည်။

အဖြေလွှာတွင် မိမိ၏ခုံနံပါတ်ကို ပီသစွာရေးရန် လိုအပ်သည်။ စာမေးပွဲအခန်းစောင့်များက ဖြေဆို၍ရပြီဆိုသည်နှင့် မေးခွန်းကို သေချာနားလည်စွာဖတ်ပြီး နံပါတ်တပ်ဖြေဆိုရမည်ဖြစ်သည်။ တစ်ပုဒ်ပြီးတိုင်း မျဉ်းကိုသေချာစွာ ပိတ်ရမည်။ မေးခွန်းတစ်ခုချင်းစီအလိုက် ပေးထားသောအမှတ်နှင့် လျော်ညီစွာ ဖြေဆိုသင့်ပေသည်။ ဆိုလိုသည်မှာ ၁၀ မှတ်တန် မေးခွန်းကို ၅ မှတ်ဖိုးလောက်သာ ဖြေဆိုထားမည်ဆိုလျှင် အမှတ်ပြည့်ရနိုင်မည် မဟုတ်ချေ။ စနစ်သစ်မေးခွန်းပုံစံသည် အတွေးအခေါ်ပိုင်းကို ဦးစားပေးထားသဖြင့် အဆိုနှင့်အချေများဖြေဆိုရာတွင် သေချာစဉ်းစား ဖြေဆိုသွားသင့်ပေသည်။

ထပ်တောင်းသည့် အဖြေလွှာများကို မိမိခုံနံပါတ်ရေးရန် လိုအပ်သည်။ မေးခွန်းအားလုံးဖြေဆိုအပြီးတွင် နံပါတ်များအားလုံး ရေးထားခြင်း ရှိ၊ မရှိနှင့် စာလုံးပေါင်းများ မှန် ၊ မမှန်တို့ကို ပြန်လည်စစ်ဆေးသင့်ပေသည်။ ထိုသို့ မစစ်ဆေးလျှင် အမှတ်ပြည့်ရနိုင်မည်မဟုတ်ချေ။ အခန်းပြင်ရောက်ပြီးမှ မိမိအဖြေလွှာကို ပြန်ကြည့်ခွင့်ရတော့မည်မဟုတ်သဖြင့် သတ်မှတ်အချိန်ပြည့်မှသာ စာမေးပွဲခန်းထဲမှ ထွက်သင့်သည်။

**ခေါင်းထဲမှထုတ်ထားရန်လို**

သားငယ်၊ သမီးငယ်များအနေဖြင့် မြန်မာစာဖြေဆိုသည့်နေ့မှစ၍ ဖြေဆိုပြီးသည့် ဘာသာရပ်တိုင်းကို ခေါင်းထဲမှထုတ်ထားရန်လိုသည်။ မိမိအတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြေဆိုပြီးပြီဟု ဆုံးဖြတ်ထားရမည်။ တချို့သော သားငယ်၊ သမီးငယ်များသည် ဖြေဆိုပြီး ဘာသာရပ်များအပေါ် အားမလိုအားမရဖြစ်နေတတ်သည်။ ထိုသို့ဖြစ်နေမည်ဆိုလျှင် စိတ်အနှောင့်အယှက်ဖြစ်နေသဖြင့် နောက်ဘာသာရပ်များဖြေဆို ရာတွင် အမှတ်ပြည့်ရတော့မည်မဟုတ်ချေ။ ဦးနှောက်ထဲတွင် နေ့စဉ်ဖြေဆိုရမည့်ဘာသာရပ် တစ်ခုချင်းစီကိုသာ ထည့်ထားရမည်ဖြစ်သည်။

**ဆုံးဖြတ်ချက်မှန်ရန်လို**

တချို့သော ကျောင်းသား၊ ကျောင်းသူများသည် ဘာသာရပ်အားလုံးကို ကောင်းမွန်စွာဖြေဆိုနိုင်ကြသည်။ တချို့မှာမူ အားမရသည့်ဘာသာများရှိကောင်းရှိနိုင်သည်။ ထိုကလေးများသည် ဆုံးဖြတ်ချက် မမှားရန်လိုသည်။ တချို့ကလေးများသည် ဘာသာရပ်အားလုံးတွင် ဂုဏ်ထူးမှတ်မရနိုင်သဖြင့် နောက်ဆုံးနေ့တွင် အဖြေလွှာကိုခြစ်ခဲ့ကြသည်။ မှားယွင်းသော လုပ်ရပ်ပင်ဖြစ်သည်။ လက်ရှိအချိန်ထက်ကောင်းသော အချိန် မရှိပေ။ နောက်တစ်နှစ်ဆိုသောအချိန်သည် မသေချာ၊ မရေရာပေ။ ထို့ကြောင့်အဖြေလွှာကိုခြစ်ပစ်သည့်လုပ်ရပ်မျိုးကို အထူးရှောင်ကြဉ်သင့်ပေသည်။ သူများ စကားကို နားမယောင်သင့်ပေ။ မိမိကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးနိုင်ရမည်ဖြစ်သည်။ စာမေးပွဲခန်းထဲတွင် ဆုံးဖြတ်ချက်မှန်ကန်ရန် အထူးအရေးကြီးသည်။

ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ဝင်တန်း တက်ရောက်နေသည့် သားငယ်၊ သမီးငယ်အားလုံးသည် မတ်လ ၁၁ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီးဖြေဆိုကြရတော့မည်ဖြစ်သည်။ ထိုစာမေးပွဲကြီးသည် သားငယ်သမီးငယ်များ၏အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲကြီးလည်းဖြစ်သည်။ ထိုစာမေးပွဲတွင်သာ ထူးချွန်စွာဖြေဆိုနိုင်မည်ဆိုလျှင် မိမိဆက်လက် ပညာဆည်းပူးလိုသော တက္ကသိုလ်ကိုတက်ရောက်ခွင့်ရကြမည်ဖြစ်သည်။ ပညာသင်နှစ်အစကတည်းက ပုံမှန်လေ့လာ သင်ယူကျက်မှတ်ခဲ့သော သားငယ်၊ သမီးငယ်များသည် ဆန္ဒနှင့်ဘဝတစ်ထပ်တည်းဖြစ်ကြမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ သားငယ်၊ သမီးငယ်များအနေဖြင့် အဆုံးအဖြတ်ပေးမည့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကြီး ဖြေဆိုနေစဉ်ကာလအတွင်း ဆင်ဆင်ခြင်ခြင်နေထိုင်ပြီး မေးခွန်းများကိုနားလည်အောင် အပြန်ပြန်အလှန်လှန်ဖတ်ကာ အောင်မှတ်ရရှိအောင်၊ တတ်နိုင်ပါက ဂုဏ်ထူးမှတ်များရရှိသည်ထိ ရှိသမျှကိုယ်စွမ်းဉာဏ်စွမ်းကို အစွမ်းကုန်ထုတ်၍ ဖြေဆိုသွားနိုင်ကြပါစေ။

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador of Sri Lanka to Myanmar



Senior General Min Aung Hlaing receives Ambassador of Sri Lanka to Myanmar H.E. Mr. J.M.J.P. Bandara.


**Nay Pyi Taw March 5**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received Ambassador of Sri Lanka to Myanmar H.E. Mr. J.M.J.P. Bandara, who had completed tour of duties in Myanmar, at the parlour of his office here this morning.

Also present at the call together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, Deputy Prime Minister Union Minister for Foreign Affairs U Than Swe and officials.

At the meeting, views on bilateral friendly relations and diplomatic ties, mutual cooperation in religious affairs, Myanmar monks and nuns pursuing education in Sri Lanka, Myanmar's conferring of religious titles on eminent monks of Sri Lanka, bilateral cooperation in developing tourism, trade and investment promotion between the two countries, cooperation in education sector, Myanmar's preparation to hold a free and fair election were cordially exchanged.

After the meeting, the Senior General and the Ambassador exchanged commemorative gifts. 100



Senior General Min Aung Hlaing shakes hands with Ambassador of Sri Lanka to Myanmar H.E. Mr. J.M.J.P. Bandara.

# More than 50,000 acres of oil crops cultivated in Htigyaing Township

**Htigyaing March 5**

The statistics of Htigyaing Township Agriculture Department stated that a total of 51,142 acres of oil crops have been cultivated in the township of Katha District of Sagaing Region this winter.

Local farmers cultivated 51,142 acres of oil crops in Htigyaing Township starting from October 2023 exceeding the target of 40,078 acres in 2023-24 winter.

"Htigyaing Township earmarked more than 40,000 acres of oil crops, and more than 50,000 acres of croplands have been cultivated, exceeding the target of cultivation. We are striving for boosting per-acre yield of oil crops and expanding the sown acreage of oil crops," said Head of Township Agriculture Department U Ko Ko Aung.

This year, Htigyaing Township cultivated 22,715 acres of groundnut, 8,082 acres of sesame, 330 acres of canola, 15,335 acres of sunflower and 4,680 acres of nigre, totalling 51,142 acres.

The township earmarked 12,280 acres of groundnut, 8,080 acres of sesame, 335 acres of canola, 15,335 acres of sunflower and 4,048 acres of nigre, totalling 40,0078 in 2023-24 financial year.



An oil crop plantation.

Township Agriculture Department helps local farmers use quality strains of crops, use double crops and grow oil crops.

In 2022-23 financial year, the township cultivated 40,078 acres of oil crops from October to December 2022. 206

# More than 9,600 insured workers registered in Aungmyethazan Township

**Mandalay March 5**

More than 9,600 insured workers from workplaces and departments registered at social security works have been registered in Aungmyethazan Township of Mandalay Region, according to Aungmyethazan Township Social Security Office in Mandalay Region.

Relevant government departments and private businesses register their workers at social security offices to enjoy social security rights. There are 1,009 workplaces in Aungmyethazan Township. So far, more than 9,600 workers have registered at social security office, said staff officer Daw Moe Moe Thwe of Aungmyethazan Township SSO.

"Workers from workplaces in the region register themselves as members of social society office. As such, those workers enjoy entitlements of social security affairs. Whenever they face difficulties, those workers can rely on social security affairs. In this regard, employers have to pay 3 per cent, workers 2 per cent, totalling 5 per cent from incomes to the social security office," she added.

The workplaces using machinery or hands formed with five workers and above can join the social security office in Aungmyathazan Township. A total of 1,009 workplaces pay insurance fee to the office. 185

# S. California eyes stronger cooperation with China on low-carbon shipping

**Los Angeles March 5**

Participants in a U.S.-China Green Port and Low-Carbon meeting have called for stronger port cooperation between the two countries to jointly promote carbon emissions reduction and sustainable port operations.

Representatives from over 60 global shipping and logistics companies, container terminals, zero-emission technology developers, and original equipment manufacturers gathered at the meeting in Long Beach, Southern California, on Sunday to explore potential opportunities for trans-Pacific cooperation between Southern California and China's Shenzhen, a technological innovation hub in southern China's Guangdong Province.

They focused on ways to lower emissions and further decarbonize the shipping and logistics sectors at the two countries' ports.

They also held in-depth discussions regarding potential sister-port cooperation between the Port of Long Beach, the U.S. second busiest port, and the Port of Shenzhen and potential collaboration in green ports and low-carbon shipping initiatives.

Xinhua



A container ship of China's COSCO Shipping docks at a container terminal of the Port of Long Beach in California, the United States, Aug. 20, 2021.

# More than 500,000 pilgrims visit Kyaiktiyo Pagoda from Thadingyut fullmoon to Tabodwe fullmoon


The magnificent Kyaiktiyo Pagoda in Mon State.

**Kyaikto March 5**

More than 500,000 travellers paid visits to Kyaiktiyo Pagoda in Kyaikto Township of Mon State from the fullmoon of Thadingyut to fullmoon of Tabodwe, said U Soe Hla, Chair of Pagoda Board of Trustees.

The pagoda and its environs are crowded with visitors from November 2023, and some 250 mountain vehicles are running to transport visitors to the pagoda and to the foot of the hill on a daily basis. At present, lodges, hotels and free rest houses as well as restaurants are open to operate their businesses.

"Over 500,000 travellers visited the pagoda within six months period," said U Soe Hla.

The Buddha Pujaniya festival of the pagoda is held from Thadingyut fullmoon to Kason fullmoon on a daily basis, and the pagoda is kept open for public obeisance.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bean and pulse cultivation flourishes in Kyunhla Township

**Kyunhla March 5**

In Kyunhla Township, Sagaing Region, the winter crop planting season of 2023-2024 witnessed remarkable agricultural activity. A total of 21,897 acres have been planted with various beans and pulses, surpassing the initial target of 19,753 acres. This expansion of 2,144 acres beyond the intended area demonstrates the dedication of local farmers.

Daw Myint Myint Yi, the head of Kyunhla Township's Department of Agriculture, emphasized the importance of correct planting methods and the selection of high-quality varieties. The focus on pest prevention ensures healthy crops and improved yields. During this season, more than 19,000 acres of beans and pulses were cultivated, with an additional 21,000 acres already planted.

Furthermore, the Township Department of Agriculture provided farmers with education on field practices, emphasizing pest control and optimal per-acre yield. Last year, in the 2022-2023 winter crop planting season, Kyunghla Township successfully cultivated 19,753 acres of beans and pulses from October to December.

In the rainy season of 2023-2024, 16,912 acres of beans and pulses were planted, promising a bountiful harvest from May to September. The commitment of Kyunhla's farmers ensures a thriving agricultural landscape in the region.

206


A vast stretch of bean plantations.

# Katha District sees robust vegetable cultivation during winter crop season

**Katha March 5**

According to statistics from the Katha District Agriculture Department, a substantial 18,546 acres of vegetables have been planted during the winter crop season in Katha District, Sagaing Region.

This impressive figure reflects the region's commitment to agricultural growth. During the 2023-2024 winter crop planting season, a planned 14,197 acres of vegetables are set to be cultivated in Katha District. However, the actual planting has already surpassed expectations, with 18,546 acres planted since October 2023.

U Myint Soe, the head of the Katha District Agriculture Department, expressed optimism about the vegetable crop cultivation. He stated, "This year, more than 14,000 acres of vegetable crops were planted in Katha District, and more than 18,000 acres have already been planted. It is possible to exceed our target. We continue to provide agricultural methods to ensure healthy crops during vegetable cultivation."

The completion report on vegetable cultivation by township in Katha District confirms the total planted area as 18,546 acres. The Department of Agriculture in Katha District earmarked 14,197 acres specifically for vegetable planting during the 2023-2024 winter crop season.

To support vegetable farmers in expanding cultivation, the relevant Township Departments of Agriculture in Katha District are actively promoting correct agricultural and planting methods. Their efforts include educating farmers on healthy practices, natural fertilizers, and effective pesticide use, all aligned with the Good Agricultural Practices (GAP) system. 206

# Govt. grants long staple cotton farmers over 20 million kyats in loans this fiscal year

**Mandalay March 5**

More than 20 million kyats of agricultural loans have been lent to farmers in the townships of Mandalay Region who grow long staple cotton seeds in this fiscal year, according to the Branch of Myanmar Agricultural Development Bank for Mandalay Region.

The Myanmar Agricultural Development Bank provided loans for agricultural expenses to townships that produce long staple cotton seeds. The loans have been given to farmers since the second week of November and more than 20 million kyats of loans have been lent to 26 farmers, said U Soe Ko Ko Win, Regional Manager of Myanmar Agricultural Development Bank in Mandalay Region.

"This year, we provided loans to farmers who grow long staple cotton seeds. This loan program was provided nationwide. The loan was given to farmers at a rate of 150,000 kyats per acre. The townships that grow long staple cotton are given full acre plots of land," he explained.

185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ကရိုင်းမီးယားတံတား တိုက်ခိုက်မှုအသံဖိုင်ပေါက်ကြားခဲ့ခြင်းမှန်ကန်ကြောင်း ဂျာမနီဝန်ခံ



ကရိုင်းမီးယားတံတားကို တိုက်ခိုက်ရန် ပြင်ဆင်နေသည့် ယူကရိန်းကို ကူညီပေးနိုင်ရေးအတွက် ဂျာမနီနိုင်ငံလေတပ်ဦးစီးချုပ် အပါအဝင် ဂျာမနီအရာရှိများကြား ဆွေးနွေးမှုအသံဖိုင် ပေါက်ကြားခဲ့မှုသည် မှန်ကန်ကြောင်း ဂျာမနီ ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရ အမျိုးသမီးက ဂျာမနီနိုင်ငံ အများပိုင်ရုပ်သံ ARD ကို မတ် ၂ ရက်က ပြောကြားလိုက်ကြောင်း ရုရှားနိုင်ငံ RT သတင်းဌာနက မတ် ၂ ရက်တွင်ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ လုံခြုံရေးအရာရှိများသည် ပေါက်ကြားခဲ့သည့် အသံဖိုင်ကို လက်ခံရရှိထားကြောင်း RTသတင်းဌာန အယ်ဒီတာချုပ် Margarita Simonyan က မတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အယ်ဒီတာချုပ်က အစပထမတွင် အသံဖိုင်ကို ရုရှားစကားပြောဖြင့် ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်းတွင် မူလဂျာမနီ အသံဖိုင်အတိုင်း လူမှုကွန်ရက်မီဒီယာတွင် လွှင့်တင်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက်စွဲဖြင့် ၃၈ မိနစ်ကြာ အသံဖိုင်တွင် လေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး အင်ဂိုဂျာဟာ့ဇ် အပါအဝင် ဂျာမနီလေတပ် (Luftwaffe) မှ အရာရှိလေးဦးကြား စကားပြောဆိုမှုများ ပါဝင်သည်။ ဂျာမနီတပ်မတော်သည် ယူကရိန်းနိုင်ငံသို့ပံ့ပိုးပေးရန် စဉ်းစားနေသည့် Taurus တာဝေးပစ်ဒုံးကျည်များ၏ စစ်ဆင်ရေးနှင့် ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ဆွေးနွေးနေခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံ တာဝန်ရှိသူများက အဆိုပါဒုံးကျည်များကိုပေးပို့ရန် သဘောတူညီထားပြီးဖြစ်ကြောင်း ပြောဆိုခဲ့ကြပြီး နောက်ပိုင်းတွင် အဆိုပါတာဝေးပစ်ဒုံးကျည်များဖြင့် ပစ်မှတ်ထားခံနိုင်ဖွယ်ရှိသည့် ကရိုင်းမီးယားတံတားကို တိုက်ခိုက်မှုဖြစ်စဉ်တွင် ရုရှား-ယူကရိန်း ပဋိပက္ခအတွင်း ဂျာမနီကို ဆွဲခေါ်သွားခြင်းမခံရစေဘဲ ရှောင်ရှားနိုင်စေရန် ဖြစ်နိုင်သမျှ ငြင်းဆိုပယ်ချနိုင်စေရေးကိုလည်း ဆွေးနွေးပြောကြားခဲ့ကြသည်။

"ကျွန်မတို့ သုံးသပ်တာကတော့ ဂျာမနီလေတပ်မှာ ပြောဆိုဆွေးနွေးမှုတွေကို ကြားဖြတ်ဖမ်းယူခံခဲ့ရတာလို့ ထင်ပါတယ်" ဟု ဂျာမနီ ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ARD သို့ ပြောကြားခဲ့သည်။

သို့သော် ဂျာမနီ တာဝန်ရှိသူများအနေဖြင့် အသံဖိုင်မှတ်တမ်းတွင် အပြောင်းအလဲများပြုလုပ်ထားခြင်း ရှိ၊ မရှိဆိုသည်ကို ဆုံးဖြတ်နိုင်ခြင်းမရှိသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**Leaked Crimean Bridge attack conversation is real – Berlin ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက ယူကရိန်းပိုင် ဆလိုဗက်ကီးယားထုတ် Zuzana 2 ဟောင်ဝစ်ဇာအမြောက်ယာဉ်ကို ဒရုန်းဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့

ရုရှားတပ်ဖွဲ့များသည် အနောက်မဟာမိတ်နိုင်ငံများမှ ယူကရိန်းသို့ ပေးအပ်ထားသော စစ်လက်နက်ပစ္စည်းများ အထူးသဖြင့် တိုက်ခိုက်ရေးယာဉ်များနှင့် အမြောက်လက်နက်စနစ်များကို ပစ်မှတ်ထားတိုက်ခိုက်ဖျက်ဆီးရန် စစ်ဆင်ရေးများအရှိန်မြှင့် လုပ်ဆောင်လျက်ရှိပြီး ယခုတစ်ကြိမ်တွင်လည်း ဆလိုဗက်ကီးယားနိုင်ငံမှ ယူကရိန်းသို့ ပံ့ပိုးပေးထားသော Zuzana 2 ၁၅၅ မမ ဟောင်ဝစ်ဇာအမြောက်ယာဉ် တစ်စီးကို ရုရှားတပ်ဖွဲ့များက Lancet Loitering Munition ဒရုန်းဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Zuzana 2 ဟောင်ဝစ်ဇာအမြောက်ယာဉ်သည် ဆလိုဗက်ကီးယားနိုင်ငံတွင် ဒီဇိုင်းထုတ်လုပ်ထားသည့် ၁၅၅ မမ ခေတ်မီဟောင်ဝစ်ဇာအမြောက်စနစ်ဖြစ်သည်။ အလိုအလျောက် ကျည်ထိုး၊ ကျည်ထုတ်စနစ်အသုံးပြုထားပြီး အသုံးပြုပစ်ခတ်သည့် အမြောက်ကျည် အမျိုးအစားပေါ်မူတည်၍ အကွာအဝေး ကီလိုမီတာ ၄၀ ထိ ထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

ဆလိုဗက်ကီးယားထံမှ အဆိုပါယာဉ်တင် အမြောက်စနစ်ကို ဝယ်ယူခဲ့မှုသည် ရန်သူ့အမြောက်ပစ်ခတ်မှုများကို တန်ပြန်နှိမ်နင်းတိုက်ပွဲဝင်နိုင်စွမ်းရှိစေရန် Counter-Battery စစ်ဆင်ရေးရည်မှန်းချက်များအတွက် အရေးပါသောကြိုးပမ်းချက်တစ်ရပ်လည်းဖြစ်သည်။

ဆလိုဗက်ကီးယားနိုင်ငံသည် Zuzana 2 ဟောင်ဝစ်ဇာအမြောက်ယာဉ် ရှစ်စီးပေးပို့ခြင်းဖြင့် ရုရှား၏ရန်ကို ကာကွယ်ရန်ကြိုးပမ်းမှုတွင် ယူကရိန်းအား ထောက်ခံအားပေးသွားနိုင်ရေး ကတိပြုထားသည်။ ထို့ပြင် ယူကရိန်းနိုင်ငံနှင့် နိုင်ငံတကာ အသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုကို ရောင်ပြန်ဟပ်သည့် ပိုမိုကျယ်ပြန့်သော စစ်ရေးအကူအညီ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ စစ်ပွဲများဖြစ်ပွားနေသည့်ကြားတွင် ယူကရိန်း၏ အမြောက်တပ်ဖွဲ့စွမ်းရည်များ အားကောင်းလာစေရန် ရည်ရွယ်၍ ဆလိုဗက်ကီးယားနိုင်ငံထံမှ ခေတ်မီဟောင်ဝစ်ဇာအမြောက်ယာဉ်များပေးပို့ခဲ့ခြင်းလည်းဖြစ်သည်။

ရုရှားစစ်ဘက်မှ Lancet Loitering Munition ဒရုန်းများဖြင့် Zuzana 2 ၁၅၅ မမ ဟောင်ဝစ်ဇာအမြောက်ယာဉ်ကို တိုက်ခိုက်ဖျက်ဆီးနိုင်မှုသည် အဆိုပါဒရုန်း၏ အောင်မြင်စွာ တပ်ဖြန့်အသုံးပြုနိုင်မှုကို အလေးပေး ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

ရုရှားစစ်ဘက် စက်မှုလုပ်ငန်းစုများက ထုတ်လုပ်ထားသည့် Lancet ဒရုန်းသည် စစ်မြေပြင်တွင်ပျံဝဲ၍ ထိရောက်စွာတိုက်ပွဲဝင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ကာမီကာဇိုင်းဒရုန်း အမျိုးအစားလည်းဖြစ်ပြီး ၎င်း၏ပစ်မှတ်သို့ စိစစ်ခွဲခြားသတ်မှတ်ပြီးပါက ထိုးစိုက်ပျံသန်း၍ ဖောက်ခွဲတိုက်ခိုက်နိုင်သည့် ဒရုန်းဖြစ်သည်။ ဤနည်းပညာသည် မျိုးဆက်သစ်စစ်ပွဲကိုကိုယ်စားပြုနေသည်။ တစ်နည်းအားဖြင့် မောင်းသူမဲ့စနစ်များသည် တန်ဖိုးကြီးမားသောပစ်မှတ်များကိုတိကျစွာဖော်ထုတ်ပြီး တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်အနည်းဆုံးဖြစ်အောင် ဖော်ထုတ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်ကို မီးမောင်းထိုးပြနေခြင်းလည်းဖြစ်သည်။



ယူကရိန်းတွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားနေသဖြင့် Lancet ဒရုန်းနှင့် Zuzana 2 ဟောင်ဝစ်ဇာအမြောက်ကဲ့သို့ ခေတ်မီသောအမြောက်စနစ်များ၊ အဆင့်မြင့်နည်းပညာများဖြန့်ကြက်ချထားခြင်းသည် စစ်မြေပြင်အလှည့်အပြောင်းကို ပုံဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေလိမ့်မည်။

**Russian Forces Use Loitering Munition to Destroy First Zuzana 2 Howitzer in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားနှင့် အမေရိကန်တို့ Freedom Shield ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

တောင်ကိုရီးယားနှင့် အမေရိကန်တို့ စစ်ရေးလေ့ကျင့်မှုကို မတ် ၄ ရက်တွင်သည် ၎င်းတို့၏ Freedom Shield စတင်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ KBS World သတင်းဌာနက မတ် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



တောင်ကိုရီးယားရှိ ပူးတွဲစစ်ဦးစီးချုပ်များရုံး (JCS) နှင့် တောင်ကိုရီးယား-အမေရိကန် ပေါင်းစည်းလက်ရုံးကွပ်ကဲမှုဌာနချုပ်တို့အဆိုအရ နှစ်စဉ်ကျင်းပမြဲဖြစ်သော Freedom Shield ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မတ် ၄ ရက်မှ မတ် ၁၄ ရက် ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာလအတွင်း မဟာမိတ်တပ်ဖွဲ့များသည် ကွန်ပျူတာစနစ်သုံး Simulation သဏ္ဍာန်တူကွပ်ကဲမှုလေ့ကျင့်မှုများအပြင် ကြည်း၊ ရေ၊ လေ ပေါင်းစပ်လေ့ကျင့်မှုအမျိုးမျိုးကို ပြုလုပ်ဆောင်ရွက်ရန်စီစဉ်ထားသည်။ သြစတြေးလျ၊ ကနေဒါ၊ ပြင်သစ်၊ ဗြိတိန်နှင့် ကုလသမဂ္ဂကွပ်ကဲမှုအဖွဲ့ (UNC)၏ အဖွဲ့ဝင်နိုင်ငံအချို့သည် ယခုနှစ် စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပြီး ကြားနေနိုင်ငံများ၏ ကြီးကြပ်ရေးကော်မရှင် (NNSC) ကလည်း စောင့်ကြည့်လေ့လာသူများအဖြစ် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

မဟာမိတ်တပ်ဖွဲ့ဝင်များသည် စစ်မြေပြင်လေ့ကျင့်မှုများ ၄၈ ကြိမ် ပြုလုပ်သွားမည်ဖြစ်ပြီး ယခုနှစ်အစီအစဉ်တွင် မြောက်ကိုရီးယားနိုင်ငံ၏ ခရုဇ်ဒုံးကျည်များကို ခြေရာခံခြင်းနှင့် ကြားဖြတ်ပစ်ချနိုင်ရန် လေ့ကျင့်ခြင်း၊ ပေါင်းစပ်လေကြောင်းစစ်ဆင်ရေးများ ပျံသန်းလေ့ကျင့်ခြင်း၊ ပူးတွဲနည်းဗျူဟာမြောက် တိုက်ရိုက်ပစ်ခတ်စဉ်လေ့ကျင့်ခြင်းနှင့် ဝေဟင်မှဝေဟင်ပစ်တိုက်ခိုက်ရေးလေ့ကျင့်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် ပေါင်းစည်းကာကွယ်ရေး အနေအထားတစ်ရပ်ကို ပိုမိုအားကောင်းစေမည့် ကွဲပြားသော လုံခြုံရေးခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ ထင်ဟပ်စေမည့် အခြေအနေများအပေါ် အခြေခံကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

**S. Korea, US Kick off Freedom Shield Military Exercise ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧက စိုက်ပျိုးပြီးစီး



**ရေဦး မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၀၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၀၀၁ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိအချိန်ထိ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ထက် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ ကိုက်လန်၊ နံနံ၊ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ မုန်လာ၊ ရုံးပတီ စတာတွေစိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


(၂၀၆)

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**မိုင်းယန်း မတ် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်း (SMART Village ) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မိုင်းလွေကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများသည် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ၂၄ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် စံပြကျေးရွာဆိုင်းဘုတ်ပြုလုပ်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာသန့်ရှင်းသာယာလှပ



ရေးနှင့် စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ကောင်းမွန်နိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း(SMART Village) ပံ့ပိုးရန်ပုံငွေကျပ် ၁၈၇ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ပုသိမ်မြို့နယ် ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ် မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေးကုန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငွေးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၇ ဒသမ ၆ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၉၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ခုနစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို ငွေကျပ် ၃၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဆားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၈၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောင္ဃသမအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် မတ် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောင္ဃသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီ၌ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ်ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာ့ရန်စွယ် အန္တရာယ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ဦးဆောင်ဦးရွက်ပြုပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းကာ ဓမ္မစက် အာဏာစက် နှစ်ချက်ကုံလုံပြည့်စုံစွာဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပည့်တော်တို့ ဒါယကာ၊ ဒါယိကာမများဘက်ကလည်း ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ထောက်ပံ့မှုအပြင် ဓမ္မစက်ကိုအာဏာစက်ဖြင့် ခိုင်မြဲအောင် လက်တွဲညီညာစွာ သာသနာပြုသွားမည် ဖြစ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တ က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ က လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီသောင္ဃသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်




**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် သင်တန်းသားတစ်ဦးကို သင်ထောက်ကူ ပစ္စည်းများ ပေးအပ်စဉ်။**

**နေပြည်တော် မတ် ၅**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက် ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိရှိအသုံးချပြီး မိမိတို့အတွက် အကျိုးရှိစေမည့် ယဉ်ကျေးလိမ္မာမှုများကို လေ့လာသင်ယူနိုင်ရန်၊ မိမိတို့ကိုးကွယ်ယုံကြည်မှုနှင့် စပ်လျဉ်းပြီး သိသင့်သိထိုက်သည့် ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ မိမိတို့ ဗုဒ္ဓမြတ်စွာဘုရားနှင့် ပတ်သက်သည့် သမိုင်းကြောင်းဆိုင်ရာ ဗုဒ္ဓဝင်နှင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတိုင်း လက်ကိုင်ထားကျင့်သုံးရမည့် မင်္ဂလသုတ်တော်အပါအဝင် အခြားသိသင့်သိထိုက်သည့် ဘာသာရေးဗဟုသုတများကိုသိရှိစေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊တပ်ဖွဲ့များ၌လည်း တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို အဆိုပါ သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့် ဝတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် မတ် ၅**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်များ၊ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြပြီး တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။**

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၄)**

၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၄ ခုနှစ် မတ်လ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ(က)၊ ပုံစံ(င) အပိုဒ်၂ အပိုဒ်ခွဲ(ည)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ဈ) တို့တွင်ပါရှိသော **"ရက်ပေါင်း ၉၀"** ဆိုသည့်စကားရပ်များကို **"ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်သည့်နေ့ရက်"** ဆိုသည့်စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၃။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ(က)၊ ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ (ည)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ဈ)၊ ပုံစံ(စ) အပိုဒ် ၃ တို့တွင်ပါရှိသော **"ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀"**ဆိုသည့်စကားရပ်များကို **"ပါတီဝင်ဦးရေအနည်းဆုံး ၅၀၀၀၀"** ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၄။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။ (က) ပါတီတစ်ခုသည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၄)၊ (၅)၊ (၆) သို့မဟုတ် (၇)ပါ အချက်တစ်ရပ်ရပ်နှင့်ငြိစွန်း၍ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့်ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်းအပ်နှံရမည်။

(ခ) ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခြင်း မရှိသဖြင့် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူခံရသောပါတီ သို့မဟုတ် ယင်းပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဆင့်ထက်မနိမ့်သူ တစ်ဦးဦးသည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) သို့မဟုတ် (၇) ပါ အချက်တစ်ရပ်ရပ်နှင့်လည်း ငြိစွန်းမှုရှိကြောင်း စိစစ်တွေ့ရှိရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့်ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း အပ်နှံရမည်။

(ဂ) နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ အပ်နှံသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်တွင်မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောပါတီများ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ရရှိပါက ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကို ပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီက ဆက်ခံခွင့်ရှိသည်။"

၅။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၂။ ပါတီတစ်ခုသည်-

(က) မိမိ၏နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်း စာရင်းစစ်ကော်မတီတစ်ရပ်ထားရှိစစ်ဆေးစေခြင်း၊ ပါတီစည်းမျဉ်း၊ စည်းကမ်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး နောက်သုံးလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ထားရှိရမည်။

(ခ) ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ဆ)အရ ငွေစာရင်းဖွင့်လှစ်ထားသည့် ပါတီရန်ပုံငွေကို ကော်မရှင်ကထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရမည်။"

၆။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ည)တို့တွင်ပါရှိသော **"ရက်ပေါင်း ၁၈၀"** ဆိုသည့်စကားရပ်များကို **"ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်"** ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း၊ **"မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်"** ဆိုသည့်စကားရပ်များကို **"မြို့နယ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံ"** ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ပုံစံ(စ) အပိုဒ်(၃)ပါ **"ရက်ပေါင်း ၉၀ ပြည့်သည့်နေ့ရက်ထက် နောက်မကျစေဘဲ"** ဆိုသည့်စကားရပ်ကို **"ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်ထက်နောက်မကျစေဘဲ"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ပုံစံ(ဇ) အပိုဒ်(၁)ပါ **"ပါတီဝင်ဦးရေ ၁၀၀၀၀၀"** ဆိုသည့်စကားရပ်ကို **"ပါတီဝင်ဦးရေ ၅၀၀၀၀"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**(ပုံ) ကိုကို**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ စာမေးပွဲကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တွေ့ဆုံမှာကြား



**မန္တလေး မတ် ၅**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ စာမေးပွဲကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံမှာကြားခြင်းအခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စာဖြေဌာန ၇၄ ခုမှ စာမေးပွဲကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ၃၇ သိန်းကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်မိုးထွန်းက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုရန် စာရင်းရှိကျောင်းသား၊ ကျောင်းသူအရေအတွက်၊ စာစစ်ဌာနများဖွင့်လှစ်ထားရှိမှု၊ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်သောဒေသတွင် ဖြေဆိုလိုသူများရှိပါက စာမေးပွဲဖြေဆိုခွင့် မဆုံးရှုံးစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စာရင်းများလက်ခံဆောင်ရွက်ပေးနေမှု၊ စာမေးပွဲဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၁၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၇၄ ခု ဖွင့်လှစ်ထားကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ဘာသာတွဲအလိုက် ဖြေဆိုသူဦးရေ မတ် ၅ ရက်ထိ စာရင်းများအရ မန္တလေးတိုင်းဒေသကြီးအတွင်း လျှောက်ထားသူ ၁၉၉၄၇ ဦး၊ အကြောင်းအမျိုးမျိုးကြောင့် အခြားဒေသများမှ မန္တလေးတိုင်းဒေသကြီးတွင် ဝင်ရောက်ဖြေဆိုရန် လျှောက်ထားသူ ၂၄၉ ဦး စုစုပေါင်း ၂၀၁၉၆ ဦးရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၄)ဖြင့် **"နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ"** ကို ၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၂၄ ခုနှစ် မတ် ၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါနည်းဥပဒေများကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် Download ပြုလုပ်၍ ရယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ရာနှုန်းပြည့်နှင့် ဖျောက်ဆိပ်ပင်ကန်(၁)မှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပေးခြင်းဖြင့် ပုဂံခေတ်ရေအသုံးချမှုစနစ်ကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့ပြီး မိုးရာသီကာလအတွင်း မိုးရေကိုစုဆောင်းသိုလှောင်နိုင်ကာ ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအတွက် မိုးရာသီအတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိစေခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက်များစွာအကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေါပကအဖွဲ့ဝင်များက လာရောက်ဖူးမြော်ကြည်ညိုကြသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။ ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထိုကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးမှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ဂေါပကအဖွဲ့ဝင်များကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းပြောကြားကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပပြုလုပ်





နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် မတ် ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင် ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့များက တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်သို့ နယ်လှည့်ပြည်သူဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ အပိုင်း(၅)

မင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးတဲ့ နိုင်ငံတွေအကြောင်းကိုတင်ဆက်ပေးနေတဲ့ ဗိုလ်ကြီးဒေါ်အေးသဥ္ဇာကျော်ဖြစ်ပါတယ်ရှင်။

ဒီနေ့ကျွန်မရွေးချယ်ထားတဲ့နိုင်ငံကတော့ အစ္စရေးနိုင်ငံဖြစ်ပါတယ်။ အစ္စရေးနိုင်ငံဟာ ၁၉၄၈ ခုနှစ် မေလ ၁၀ ရက်နေ့မှာ ဂျူးလူမျိုးတို့နဲ့ အစ္စရေးနိုင်ငံထူထောင်ခဲ့တာဖြစ်ပါတယ်။ အစ္စရေးနိုင်ငံဟာ ဘေးပတ်ဝန်းကျင်မှာ အင်အားကြီးမားတဲ့ အာရပ်နိုင်ငံများကြားထဲမှာ သူ့နိုင်ငံနှင့်သူ့လူမျိုးကောင်းမွန်စွာ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သူတို့နိုင်ငံရဲ့ ကာကွယ်ရေးစွမ်းအားကို အခိုင်အမာတည်ဆောက်ထားတဲ့နိုင်ငံတစ်ခု၊ အချိန်ပြည့်အသင့်ပြင်ထားတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်ရှင်။

အစ္စရေးနိုင်ငံဟာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၁၉၄၈ ခုနှစ်မှာ စတင်ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ အသက်အရွယ်အပိုင်းအခြားတွေအနေနဲ့ကတော့ အသက် ၁၈ နှစ်ပြည့်တဲ့ ဂျူးလူမျိုးဆိုရင် ယောကျ်ားလေးရော၊ မိန်းကလေးရော Druze လူမျိုးဆိုရင် ယောကျ်ားလေး၊ Circassians လူမျိုးဆိုရင် ယောကျ်ားလေးတွေဟာ စစ်မှုထမ်းဆောင်ခြင်းဥပဒေမှာ မဖြစ်မနေပါဝင်ထမ်းဆောင်ကြရမှာဖြစ်ပါတယ်ရှင်။

စစ်မှုထမ်းဖို့အကျုံးဝင်တဲ့နိုင်ငံသားတိုင်းကို စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကနေပြီးတော့ သူတို့အသက် ၁၇ နှစ်ပြည့်တဲ့အချိန်ကစပြီးတော့ သူတို့ဆီကိုဆင့်ခေါ်စာတွေပေးပို့တယ်။ ဒီဆင့်ခေါ်စာတွေရပြီးတော့ သူတို့ကလာပြီးစာရင်းသွင်းရတာဖြစ်ပါတယ်။ သူတို့အသက် ၁၇ နှစ် ၃ လမှာ တစ်ခါ၊ ၁၇ နှစ် ၆ လမှာ တစ်ခါ၊ ၁၇ နှစ် ၉ လမှာတစ်ခါပေါ့နော်။ ဒါသူတို့ရဲ့ ကျန်းမာရေး၊ စိတ်ကျန်းမာရေးပြီးတော့ IQ နဲ့ လူတွေ့စစ်ဆေးခြင်းတွေဆောင်ရွက်ရတာဖြစ်ပါတယ်။

သူတို့ အသက် ၁၈ နှစ်ပြည့်ချိန်ဆိုလို့ရှိရင် ဒါသူတို့ဘယ်တပ်မှာ တာဝန်ထမ်းဆောင်ရမယ်ဆိုတာရယ်။ ပြီးလို့ရှိရင် သူတို့သတင်းပို့ရမယ့် ရက်စွဲ/အချိန်ရယ်၊ သူတို့ရဲ့ဘာတာဝန်တွေထမ်းဆောင်ရမလဲဆိုတာတွေကို အသေးစိတ်အချက်အလက်တွေကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကနေပြီးတော့ သူတို့ထံကိုပေးပို့ပေးတယ်။ ဒီပေးပို့တဲ့အချက်အလက်တွေက သူတို့က သူတို့တာဝန်ကျမယ့်တပ်ရင်းတွေမှာသွားပြီးတော့သတင်းပို့ပြီး တာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ အသက် ၁၈ နှစ်ပြည့်ပြီဆိုတာနဲ့ သူတို့တာဝန်ထမ်းဆောင်ရမယ့် တပ်ရင်း/တပ်ဖွဲ့တွေ၊ အချိန်နဲ့ ရက်စွဲတွေ၊ ပြီးရင်ဘာတာဝန်တွေထမ်းဆောင်ရမလဲဆိုတာကို စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကနေပြီးတော့ သူတို့ထံ အသေးစိတ်အချက်အလက်တွေ ပေးပို့တယ်။ ဒီအချက်အလက်တွေအတိုင်းသူတို့ဟာ သူတို့ တာဝန်ထမ်းဆောင်ရမယ့်တပ်တွေကို သွားရောက်သတင်းပို့ရတာဖြစ်ပါတယ်။



စစ်မှုထမ်းရမယ့်အချိန်ကာလကတော့ ယောကျ်ားလေးဆိုရင် ၃၂ လ၊ ကျွမ်းကျင်သူယောကျ်ားလေးဆိုရင်တော့ ၃၆ လဖြစ်ပါတယ်။ မိန်းကလေးဆိုရင်လည်း ၂၄ လ၊ ကျွမ်းကျင်သူ မိန်းကလေးဖြစ်ခဲ့တယ်ဆိုရင်တော့ ၃၂ လ တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ အစ္စရေးနိုင်ငံရဲ့စစ်အခြေခံသင်တန်းတက်ရောက်မှုကတော့ အနည်းငယ်ကွဲပြားခြားနားပါတယ်။ တခြားနိုင်ငံတွေနဲ့။ ဒါကဘာလဲဆိုရင် သူတို့တာဝန်ထမ်းဆောင်ရမယ့် တပ်ရင်း/တပ်ဖွဲ့ကိုလိုက်ပြီးတော့ ၄ လ၊ ၆ လ၊ ၁ နှစ် ဒီစစ်အခြေခံသင်တန်းကို တက်ရောက်ရတာဖြစ်ပါတယ်။

တိုက်ပွဲအထောက်အကူပြုတပ်ဖွဲ့တွေနဲ့ အုပ်ချုပ်မှုအထောက်အကူပြုတပ်ဖွဲ့တွေမှာတာဝန်ထမ်းဆောင်မှုကတော့ အခြေခံစစ်သင်တန်း ၄ လ တက်ရောက်ရမှာဖြစ်ပါတယ်။ ဒါကတော့ သင်တန်းကာလ ၄ လဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲနဲ့ အထူးတိုက်ခိုက်ရေးတပ်ရင်းတွေ၊ တိုက်ခိုက်ရေးတပ်ရင်းတွေ ပြီးတော့ ဒါ ရေတပ်ဖွဲ့၊ လေတပ်ဖွဲ့တို့ပေါ့နော်။ ဒီလိုမျိုးမှာ တာဝန်ထမ်းဆောင်ရမယ်ဆိုလို့ရှိရင်တော့ ဒါ သူတို့ရဲ့ အခြေခံစစ်ပညာသင်တန်းကို ၆ လနဲ့ ၁ နှစ် တက်ရောက်ရမှာဖြစ်ပါတယ်။ ဒီသူတို့ အခြေခံစစ်ပညာသင်တန်းပြီးလို့ရှိရင် သူတို့သည် တပ်သားအဆင့်နဲ့ တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ဒီလိုတပ်သားအဆင့်နဲ့ တာဝန်ထမ်းဆောင်တဲ့အချိန်မှာလည်း သူတို့ကိုကျ ကျန်းမာရေးစစ်ဆေးချက်အဆင့်အတန်းတွေပေါ့နော်။ MP လို့ခေါ်တာပေါ့။ ဒီဟာနဲ့အဆင့်တွေနဲ့ ခွဲခြားသတ်မှတ်ပြီးတော့ တာဝန်ချထားခြင်းတွေလုပ်ပါတယ်။ ဥပမာဆိုလို့ရှိရင် ဒီ MP ကို အဆင့် 97 လောက်ရတဲ့သူဆိုလို့ရှိရင် ဒါအထူးတိုက်ခိုက်ရေးတပ်ဖွဲ့တွေ၊ ဒါတိုက်ပွဲထောက်လှမ်းရေးတပ်တွေနဲ့ ဒါစစ်မြေပြင်အင်ဂျင်နီယာတပ်တွေမှာ တာဝန်ချထားပေးတာဖြစ်ပါတယ်။ နောက်တစ်ခု MP -82 လောက်ရတဲ့သူဆိုလို့ရှိရင် ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့တွေမှာ တာဝန်ချထားပေးတာဖြစ်ပါတယ်။ နောက် MP 72 လောက်ရတဲ့သူဆိုလို့ရှိရင် သူတို့ကို ဒါ အမြောက်နဲ့ သံချပ်ကာ ပြီးတော့၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ ထောက်လှမ်းရေးတပ်ဖွဲ့တွေမှာ တာဝန်ပေးစေခိုင်းတာဖြစ်ပါတယ်။ MP -65 တို့ 64 လောက်ရတဲ့သူဆိုရင်တော့ ဒါစစ်ရေးစစ်ထောက်နဲ့ ဒါခဲယမ်းမီးကျောက်တပ်ဖွဲ့တွေမှာ တာဝန်ပေးအပ်တာဖြစ်ပါတယ်။ MP -35 တို့၊ 25 တို့၊ 24 တို့ ရတဲ့သူတွေကတော့ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာတာဝန်တွေနဲ့ အထောက်အကူပြုတာဝန်တွေကို ထမ်းဆောင်ရတာဖြစ်ပါတယ်။ ဒီ MP -21 လောက်ရတဲ့သူတွေကတော့ သူတို့သည် စစ်မှုထမ်းဆောင်ရန် ကျန်းမာရေးအရ မသင့်လျော်လို့ သတ်မှတ်ပြီးတော့ သူတို့သည် အမြဲတမ်းစစ်မှုထမ်းဆောင်မှုကို ကင်းလွတ်ခွင့်ရမှာဖြစ်ပါတယ်။

ရာထူး၊ အဆင့်များနဲ့ ပတ်သက်လို့ကတော့ တပ်သားအဆင့်နဲ့ တာဝန်ထမ်းဆောင်ပြီးလို့ရှိရင် တပ်ကြပ်၊ တပ်ကြပ်ကြီးတို့အဆင့်ထိ ဒါတိုးမြှင့်ပေးပါတယ်။ ဒီလို တိုးမြှင့်ပေးဖို့ဆိုလို့ရှိရင်လည်း သူတို့တာဝန်ထမ်းဆောင်နေတဲ့တပ်ဖွဲ့ရဲ့ တပ်မှူးရဲ့ အဆင့်ရာထူးတိုးထောက်ခံချက်ရယ်၊ နောက်တစ်ခုက သူတို့ရဲ့လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးရယ်ကို ထည့်သွင်းစဉ်းစားပြီးတော့မှ သူတို့တာဝန်ထမ်းဆောင်နေတဲ့တပ်ဖွဲ့ရဲ့ နေရာလစ်လပ်မှု ဒါတွေအကုန်အပေါ်မူတည်ပြီးမှ သူတို့ကိုရာထူးအဆင့်တွေ တိုးပေးတာဖြစ်ပါတယ်။ ဒီတပ်သားအဆင့်ကနေ တပ်ကြပ်အဆင့်ထိ တိုးဖို့ဆိုရင် ဒါ ၆ လ ကြာမြင့်မှာဖြစ်ပါတယ်။ တပ်ကြပ်ကြီးအဆင့်ထိ တိုးမြှင့်ဖို့ကတော့ စစ်မှုထမ်းသက်က ၁ နှစ်တိတိရှိရမှာဖြစ်ပါတယ်။

ပြီးတော့ ဒါအစ္စရေးနိုင်ငံဟာ ပညာရေးကို အားပေးတဲ့ နိုင်ငံလည်းဖြစ်တဲ့အတွက် ဒါ ပညာသင်ကြားနေဆဲဆိုလို့ရှိရင်လည်း စစ်မှုထမ်းဆောင်ခြင်းကို ကင်းလွတ်ခွင့်ရပါတယ်။ ဒါပေမဲ့ ပညာသင်ကြားပြီးပြီဆိုလို့ရှိရင်တော့ ဒါ စစ်မှုပြန်လည်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ သူတို့ရဲ့ အရည်အချင်းအလိုက် တပ်ရင်း/တပ်ဖွဲ့တွေကို နေရာချထားပေးတာလည်းရှိပါတယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် ဒါ ဆရာဝန်တို့၊ သွားဆရာဝန်တို့ဆိုရင် ဒါဆေးတပ်ဖွဲ့မှာ တာဝန်ချထားပေးပါတယ်။ ကွန်ပျူတာနဲ့ နည်းပညာပိုင်းကို ကျွမ်းကျင်သူတွေဆိုရင်တော့ ဒါ သတင်းအချက်အလက်နဲ့ နည်းပညာတပ်ဖွဲ့ပေါ့နော် ဒီလိုမျိုးမှာ တာဝန်ချထားပေးတာဖြစ်ပါတယ်။ တချို့က ဥပဒေပညာနဲ့ ဘွဲ့ရတယ်၊ ဥပဒေပညာတွေ ကျွမ်းကျင်တယ်ဆိုရင် စစ်ဥပဒေချုပ်ကြားရေးမှူးရုံးရဲ့ လက်အောက်ခံတပ်ရင်း/တပ်ဖွဲ့တွေမှာ တာဝန်ချထားပေးပါတယ်။ လေကြောင်းသိပ္ပံပညာရပ်ကို ကျွမ်းကျင်သူဆိုရင်တော့ လေတပ်ဖွဲ့ပေါ့နော်၊ ပြီးတော့ သင်္ဘောတည်ဆောက်ခြင်းတို့ ရေကြောင်းသိပ္ပံပညာရပ်ကို ကျွမ်းကျင်သူတွေဆိုလို့ရှိရင်တော့ ရေတပ်ဖွဲ့မှာတာဝန်ချထားပေးတာဖြစ်ပါတယ်။ နောက်ပြီးတော့ အင်ဂျင်နီယာပညာရပ်ပေါ့။ အင်ဂျင်နီယာပညာရပ်ကို ကျွမ်းကျင်တဲ့သူတွေဆိုလို့ရှိရင်တော့ အင်ဂျင်နီယာတပ်ဖွဲ့တွေနဲ့ စက်မှုလက်မှုနည်းပညာတပ်ဖွဲ့တွေမှာ တာဝန်ချထားပေးတာဖြစ်ပါတယ်။

သူတို့ဟာ တပ်သားအဆင့်ကနေ တပ်ကြပ်၊ တပ်ကြပ်ကြီးတွေဖြစ်ဖို့အတွက်ကိုတော့ အဆင့်တိုးသင်တန်းတွေတက်ရောက်စရာမလိုပါဘူး။ ကျွန်မတို့ဆီမှာတော့ အကြပ်လောင်းတို့၊ အကြပ်ငယ်တို့၊ အကြပ်ကြီးသင်တန်းတို့ ဒီလိုသင်တန်းမျိုးတွေကို သူတို့ကတက်ရောက်စရာမလိုပါဘူး။

သူတို့နိုင်ငံမှာ ဒီ စစ်မှုမထမ်းမနေရဆိုတဲ့ ဒီစစ်မှုထမ်းစနစ်မှာ တာဝန်ထမ်းဆောင်ပြီးမှသာလျှင် အမြဲတမ်းစစ်မှုထမ်းဖြစ်ဖို့၊ နောက်တစ်ခုက အရန်တပ်ဖွဲ့ဝင်တွေဖြစ်ဖို့ကို ဆန္ဒပြုလျှောက်ထားနိုင်တာဖြစ်ပါတယ်။ ဒီနေ့ကျွန်မတင်ဆက်ပေးခဲ့တာကတော့ အစ္စရေးနိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းပဲဖြစ်ပါတယ်ရှင်။

နိုင်ငံတစ်ခုအဖြစ်ရပ်တည်ရာမှာ ကျွန်မတို့နိုင်ငံရဲ့အကျိုးစီးပွားကို ဖျက်လိုဖျက်ဆီးလုပ်ဆောင်နေကြတဲ့ အတွင်းရန်၊ အပြင်ရန်တွေကို ကျွန်မတို့က စုစုစည်းစည်းနဲ့ကာကွယ်ကြရမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးရဲ့သမိုင်းကို သိရှိနားလည်ပြီးတော့ နိုင်ငံတော်ရဲ့ ဒါ နိုင်ငံရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအားတွေ တောင့်တင်းခိုင်မာနေအောင်လို့ စွမ်းစွမ်းတမံနဲ့ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေရဲ့လက်ထဲမှာပဲ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံတော်ဟာ ဆက်လက်ရှင်သန်လှုပစွာနဲ့ ရပ်တည်နိုင်ရေးအတွက် ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိတယ်ဆိုတဲ့စကားအတိုင်းပဲ ကျွန်မတို့ဟာ အုပ်တစ်ချပ်သဲတစ်ပွင့်အဖြစ်ကိုယ်တတ်နိုင်တဲ့ တစ်ထောင့်တစ်နေရာကနေပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို ပြောကြားရင်းနဲ့ ဒီနေ့အစီအစဉ်ကိုတော့ ဒီမှာတင်ပဲ နိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သူများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်





နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သူများကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် မတ် ၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၅ ရက်ထိ တရုတ်နိုင်ငံသား ၁၉၆၉ ဦး၊ ဗီယက်နမ်နိုင်ငံသား ၃၈ ဦး၊ ထိုင်းနိုင်ငံသား ၉၃ ဦး၊ အိန္ဒိယနိုင်ငံသား ၃၃ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၂၄ ဦးတို့အပါအဝင် နိုင်ငံခြားသားစုစုပေါင်း ၂၂၀၁ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၅ ရက်ထိ တရုတ်နိုင်ငံသား ၅၀၇၇၂ ဦးအပါအဝင် နိုင်ငံခြားသားစုစုပေါင်းဦးရေ ၅၂၈၂၀ ကို စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တန့်ဆည်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၁၁ ဦးကို သတ်ဖြတ်ခဲ့ပြီး နေအိမ် ၅၆ လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်ရှိ ကျေးရွာများမှပြည်သူ ၁၁ ဦးကို သတ်ဖြတ်ခြင်း၊ ကျေးရွာ ကိုးရွာမှ နေအိမ် ၅၆ လုံးကို မီးရှို့ဖျက်ဆီးခဲ့ခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ KhitThit က မဟုတ်မမှန် လုပ်ကြံရေးသားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။










အဆိုပါ သတင်းနှင့်ပတ်သက်၍ တန့်ဆည်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၁၁ ဦးကို သတ်ဖြတ်ခဲ့ခြင်း၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားခြင်း စသည့်သတင်းများမှာ မှန်ကန်မှုမရှိဘဲ လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် တန့်ဆည်မြို့နယ်အတွင်း တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က ကံထူးမကျေးရွာရှိနယ်မြေရဲစခန်းကို လာရောက်တိုက်ခိုက်ကာ ကျေးရွာရှိနေအိမ်များနှင့် နယ်မြေရဲစခန်းကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ပြင် ဖေဖော်ဝါရီ ၂၄ ရက်၊ ၂၄ ရက်၊ ၂၉ ရက်နှင့် မတ် ၄ ရက်များတွင်လည်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်လုပ်လက်နက်ကြီးများ၊ ဒရုန်းများဖြင့် နှောင့်ယှက်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးနှင့် လေကြောင်းပစ်ကူယူ၍ ပြန်လည်တိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရမည်းသင်းမြို့နယ် စစ်အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ နိုင်ငံတစ်ဝန်းမှ ပေါ်တာဆွဲခံရသော လူငယ်ဦးရေ ၄၀၀ကျော်ကို စစ်သင်တန်းတက်ရောက်ရန် ပို့ဆောင်လိုက်ကြောင်း ကောလာဟလသတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၅**

ရမည်းသင်းမြို့နယ်ရှိ စစ်အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ မတ် ၂ ရက်က ၁၂ ဘီး ကားအစီး ၂၀ ဖြင့် လူငယ်ဦးရေ ၄၀၀ ကျော် ရောက်ရှိနေကြောင်း၊ အဆိုပါ လူငယ်များမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအပါအဝင် မြို့ကြီးများမှ ပေါ်တာဆွဲခံရသည့် လူငယ်များဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာKhit Thitက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ကောလာဟလသတင်းမှားများကို မိဘပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ရမည်းသင်းမြို့နယ်ရှိ စစ်အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်တွင် စစ်သင်တန်းတက်ရောက်ရန် ၁၂ ဘီးကား အစီး ၂၀ ဖြင့် လူငယ် ၄၀၀ ကျော် ရောက်ရှိခြင်းမရှိကြောင်းနှင့် ၎င်းသတင်းသည် ကောလာဟလသတင်းမှားများသာဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ပြည်သူများ၊ လူငယ်လူရွယ်များ စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းမှားများဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် ဝါဒဖြန့် လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Min Chit Thu" Facebook အကောင့်နှင့် "ညီမလေးရဲ့ကိုကို" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကွဲမကြကျေးရွာနေ ကျော်ကျော်(ခ) ကျော်ကြီးအား နံနက် ၁၀နာရီ မိနစ် ၅၀တွင် နတ်မောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မရပ်တန့်နိုင်သေးတဲ့ အကြမ်းဖက်သတ်ဖြတ်မှုများ"** ခေါင်းစဉ်ဖြင့် ၆-၃-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မိဘနဲ့ခွဲခွာပြီး တစ်မြို့တစ်ရွာတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ဖမ်းဆီးခြိမ်းခြောက်ခံမှုများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရုရှားနိုင်ငံ ပရီမိုယီနယ်မြေတွင် တောမီးပြင်းထန်စွာလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**မော်စကို မတ် ၅**

ရုရှားအရှေ့ဖျား ဒေသတစ်ခု ဖြစ်သော ပရီမိုယီနယ်မြေတွင် မတ် ၄ ရက်က တောမီးပြင်းထန်စွာ လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီး လောင်ကျွမ်းမှုသည် နေအိမ်များဆီသို့ ကူးစက်လာနိုင်သည့်အတွက် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ရုရှားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေတိုက်နှုန်းမြင့်မားပြီး မြက်ခင်းပြင်ကို စတင်လောင်ကျွမ်းခဲ့ခြင်းကြောင့် တောမီးလောင်ကျွမ်းမှုမှာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပရီမိုယီနယ်မြေတွင် တောမီးလောင်ကျွမ်းခဲ့ဖူးခြင်းမရှိဘဲ သမိုင်းတစ်လျှောက်ပထမဦးဆုံးအကြိမ် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရုရှားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မြက်ခင်းပြင်မီးလောင်ကျွမ်းမှုကနေ စတင်လာတဲ့ တောမီးလောင်ကျွမ်းမှုဖြစ်တဲ့အတွက် အချိန်တိုအတွင်း ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိသွားတယ်။ လေတိုက်နှုန်းကလဲမြင့်တက်နေပြီး လေဆင်နှာမောင်းအသွင် တိုက်ခတ်ခဲ့တဲ့အတွက် တောမီးကူးစက်မှုနှုန်းက ပိုပြီးမြန်ဆန်လာခဲ့တာဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားတဲ့နေရာအနီးက ဒေသခံတွေကိုလဲ အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရပါတယ်" ဟု ပရီမိုယီနယ်မြေအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အိုလက်ကိုဟီမျကိုက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အမြောက်အမြား စေလွှတ်ထားသကဲ့သို့လေတိုက်နှုန်း လျော့ကျသွားပါက လေကြောင်းအကူအညီပါ ရယူသွားမည်ဖြစ်ကြောင်း၊ နေအိမ်များနှင့် အခြေခံအဆောက်အအုံများဆီသို့ ကူးစက်လောင်ကျွမ်းနိုင်သော နေရာများတွင် တောမီးကို အဓိကငြိမ်းသတ်နေကြောင်း ပရီမိုယီနယ်မြေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ကာဇက်စတန်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် မြေအောက်ရထားခရီးစဉ်တချို့ ယာယီရပ်ဆိုင်းထား

**အက်ခ်တာနာ မတ် ၅**

ကာဇက်စတန်နိုင်ငံ အယ်မာတီမြို့တွင် မတ် ၄ ရက်က ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အယ်မာတီမြို့ရှိ မြေအောက်ရထားခရီးစဉ်တချို့ကို ယာယီ ရပ်ဆိုင်းထားကြောင်း ကာဇက်စတန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုမရှိခဲ့သော်လည်း အများပြည်သူဘေးကင်းလုံခြုံမှုကိုရှေးရှု၍ မြေအောက်ရထားခရီးစဉ်တချို့ကို ယာယီရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေအောက်ရထားဘူတာအတွင်းရောက်ရှိနေသည့် ခရီးသွားပြည်သူများသည်လည်း ငလျင်လှုပ်ခတ်မှုကြောင့် ဘူတာအတွင်းမှ အရေးပေါ် ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း၊ အယ်မာတီမြို့မြေအောက်ရထားလမ်းတစ်လျှောက် ပျက်စီးမှုများကို ကျွမ်းကျင်ပညာရှင်များက သွားရောက်စစ်ဆေးနေပြီး စိတ်ချရသည့် အခြေအနေရောက်မှသာ မြေအောက်ရထား ခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ကာဇက်စတန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မတ် ၄ ရက်က အယ်မာတီမြို့တောင်ဘက်ပိုင်းမှာ ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ ငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့တဲ့နေရာက အယ်မာတီမြို့တောင်ဘက်ပိုင်း ၃၁ ကီလိုမီတာအကွာက ဖြစ်ပါတယ်။ ခရီးသွားပြည်သူတွေ ဘေးကင်းလုံခြုံဖို့အတွက် မြေအောက်ရထားခရီးစဉ်တချို့ကို ယာယီရပ်ဆိုင်းထားပါတယ်။ မြေအောက်ရထားလမ်းတစ်လျှောက် ကျွမ်းကျင်ပညာရှင်တွေ စေလွှတ်ပြီး မြေအောက်ရထားလမ်းတွေ ထိခိုက်ပျက်စီးမှု ရှိ၊ မရှိကို သွားရောက်စစ်ဆေးစေခဲ့ပါတယ်။ ကျွမ်းကျင်ပညာရှင်တွေ စစ်ဆေးပြီးလို့ ဘေးကင်းလုံခြုံမှုရှိတယ်ဆိုရင် ပုံမှန်အတိုင်း မြေအောက်ရထားခရီးစဉ်တွေကို ပြန်လည်ပြေးဆွဲသွားမှာပါ"ဟု ကာဇက်စတန်အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်၍ ကာဇက်စတန်အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက အရေးပေါ်သတိပေးချက် ထုတ်ပြန်ခဲ့ပြီး လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ အရေးပေါ်အခြေအနေကို ပြန်လည် ရုပ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ကနေဒါနိုင်ငံ အယ်ဘာတ်တာပြည်နယ်တွင် မိုးခေါင်ရေရှားမှုနှင့် ရေလွှမ်းမိုးမှု ကာကွယ်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၂၅ သန်း သုံးစွဲသွားမည်

**အော့တာဝါ မတ် ၅**

ကနေဒါနိုင်ငံ အယ်ဘာတ်တာပြည်နယ်တွင် မိုးခေါင်ရေရှားမှုနှင့် ရေကြီးရေလျှံမှု ကာကွယ်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁၂၅ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း အယ်ဘာတ်တာပြည်နယ်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု မတ် ၄ ရက် သတင်းများအရ သိရသည်။

အယ်ဘာတ်တာပြည်နယ်အစိုးရသည် မိုးခေါင်ရေရှားမှုနှင့် ရေကြီးရေလျှံမှုများ လျော့ပါးစေရေးကို လာမည့်ငါးနှစ်အစီအစဉ်ပါ လုပ်ငန်းများလုပ်ဆောင်ရန် အမေရိကန်ဒေါ်လာ ၁၂၅ သန်းကို ပြည်နယ်မိုးခေါင်ရေရှားမှုနှင့် ရေကြီးရေလျှံမှုကာကွယ်ရေးအစီအစဉ်သို့ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်သဘာဝပတ်ဝန်းကျင်နှင့် နယ်မြေထိန်းသိမ်းရေးဝန်ကြီး ရေဘက္ကာ ရှော့က ပြောကြားခဲ့သည်။

"မိုးခေါင်ရေရှားမှုက အများသူငှာ အခြေခံအဆောက်အအုံတွေနဲ့ ပုဂ္ဂလိကပိုင်ပစ္စည်းတွေကို ပျက်စီးစေပြီး စီးပွားရေးကို အနှောင့်အယှက်ဖြစ်စေတဲ့အပြင် သဘာဝပတ်ဝန်းကျင်ကိုလဲ ပျက်စီးစေပြီး အသက်အန္တရာယ်တွေကိုလဲ ဖြစ်စေနိုင်ပါတယ်"ဟု ဝန်ကြီး ရေဗက္ကာ ရှော့က ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်တွင် ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းမှကာကွယ်ရန် အခြေခံအဆောက်အအုံများ ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများ ပိုမိုကောင်းမွန်စေရေး၊ မြစ်ကမ်းများခိုင်ခံ့ရေးနှင့် ရေလွှမ်းမိုးမှုအတားအဆီးများတည်ဆောက်ခြင်း စသည့်လုပ်ငန်းများအတွက် အဓိက ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : AZH



# မီးခိုးနှင့် အမှုန်အမွှားများကြောင့် ကမ္ဘာ့လေထုညစ်ညမ်းမှုအရှိဆုံး မြို့များစာရင်း၌ ဟန္နိုင်းမြို့ပါဝင်ခဲ့

**ဟန္နိုင်း မတ် ၅**

ဗီယက်နမ်နိုင်ငံ၏ မြို့တော် ဟန္နိုင်းမြို့သည် မတ် ၄ ရက်က မီးခိုးနှင့် အမှုန်အမွှားများကြောင့် ကမ္ဘာ့လေထုညစ်ညမ်းမှုအရှိဆုံးမြို့များစာရင်း၌ ပါဝင်ခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် IQ Air လေထုတိုင်းတာရေးကုမ္ပဏီကင်း၏ Air Visual အက်ပလီကေးရှင်းမှ တိုင်းတာရရှိသော အချက်အလက်များအပေါ် အခြေခံ၍ သတင်းထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏ မြို့တော် ဟန္နိုင်းမြို့တွင် မတ် ၄ ရက်က လမ်းမများပေါ်၌ မီးခိုးနှင့် မြူများ ထူထပ်စွာဖုံးလွှမ်းနေခဲ့ပြီး မော်တော်ယာဉ်မှ ထုတ်လွှတ်သော အမှုန်အမွှားများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ထွက်ပေါ်လာသောအမှုန်အမွှားများ သိသိသာသာ ဖြစ်ပေါ်ခဲ့ပြီး PM 2.5 အမှုန်အမွှားပါဝင်မှု တစ်ကုဗမီတာလျှင် ၁၈၇ မိုက်ခရိုဂရမ်ထိ ရောက်ရှိခဲ့ရာ ကမ္ဘာ့လေထုညစ်ညမ်းမှု အရှိဆုံးမြို့အဖြစ် ရောက်ရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်၏ ၂၀၂၁ ခုနှစ် အစီအရင်ခံစာအရ ဟန္နိုင်းမြို့တွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်အစီးရေ ရှစ်သန်းရှိကြောင်း၊ အဆိုပါမော်တော်ယာဉ်များမှထုတ်လွှတ်သော အခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု ၃၀ ရာခိုင်နှုန်းရှိပြီး စက်မှုလုပ်ငန်းများမှထုတ်လွှတ်သောမီးခိုးငွေ့ကြောင့် လေထုညစ်ညမ်းမှု ၃၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဟန္နိုင်းမြို့တွင် ဖေဖော်ဝါရီ ၂ ရက်ကလည်း မြူများထူထပ်စွာဖြစ်ပေါ်ခြင်း၊ လေထုညစ်ညမ်းမှုအခြေအနေ ပိုမိုဆိုးရွားလာခြင်းကြောင့် ဟန္နိုင်းမြို့ နိုင်ငံတကာလေဆိပ်မှ အခြားမြို့များသို့ ပျံသန်းသော လေယာဉ်ခရီးစဉ် ၁၀၀ ခန့်ကို ရွှေ့ဆိုင်းခြင်း၊ အစီအစဉ်ပြောင်းခြင်းများ ဆောင်ရွက်ခဲ့ရသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : AZH

# အာဂျင်တီးနားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**ဗျူနိုစ်အေရိစ် မတ် ၅**


အာဂျင်တီးနားနိုင်ငံ ကောရီယန်တက်စ်စီရင်စုတွင် မတ် ၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ကောရီယန်တက်စ်စီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကောရီယန်တက်စ်စီရင်စုတွင် မတ် ၃ ရက်မှစ၍ မိုးရွာသွန်းခဲ့ခြင်းဖြစ်ပြီး မတ် ၄ ရက်တွင် မိုးရေချိန်မှာ ၂၀၉ မီလီမီတာထိ မြင့်တက်ခဲ့ကြောင်း၊ လမ်းမကြီးများထက် ရေလွှမ်းမိုးမှုကြောင့် မော်တော်ယာဉ်တချို့ ရေစီးနှင့်အတူမျောပါခဲ့ပြီး လျှပ်စစ်မီးများလည်း ပြတ်တောက်လျက်ရှိကြောင်း၊ ကောရီယန်တက်စ်စီရင်စုမှဒေသခံများကိုလည်း ကယ်ဆယ်ရေးအဖွဲ့အစည်း၏ ညွှန်ကြားချက်များအတိုင်းလိုက်နာရန် တိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ရေလွှမ်းမိုးနေသည့် လမ်းမကြီးများကို လုံးဝအသုံးမပြုရန်လည်း တားမြစ်ချက်များ ထုတ်ပြန်ထားကြောင်း၊ ကောရီယန်တက်စ်စီရင်စုကို ရေဘေးအန္တရာယ် လိမ္မော်ရောင်အဖြစ် သတ်မှတ်ထားကြောင်း အမျိုးသား မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (SMN)က ထုတ်ပြန်ခဲ့သည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုဟာ ဒီနှစ်အတွင်းဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်တွေထဲမှာ အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ဖြစ်ပါတယ်။ လမ်းမကြီးတွေ ရေလွှမ်းနေပြီးတော့ မော်တော်ယာဉ်တချို့ ရေစီးနဲ့အတူမျောပါသွားခဲ့တယ်။ ခရီးသွားပြည်သူတချို့ကို မော်တော်ယာဉ်ပေါ်ကနေ အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရတယ်။ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေ မြင့်မားနေတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကို ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းအပြည့်အစုံနဲ့ စေလွှတ်ပေးထားပါတယ်"ဟု ကောရီယန်တက်စ်စီရင်စု အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျို့စ်ပက်ဒရိုက ပြောကြားသွားခဲ့သည်။

Ref : Xinhua News

Trs : Sai Sat



# တန်ရာတန်ကြေးနှံ

မင်းသူရိန်(သာကေတနွယ်)

(၁)

ပိုက်ဆံအိတ်ထဲမှ မိသားစုဓာတ်ပုံလေးကိုကြည့်ပြီး ဇင်မာ မျက်ရည်ကျနေမိသည်။ ယခုဆို အိမ်မပြန်နိုင်သည်မှာ သုံးနှစ်ကျော်ရှိပြီဖြစ်သည်။ အိမ်မပြန်နိုင်သော်လည်း အိမ်ကို လစဉ် ငွေပို့ဖြစ်သည်။ စိတ်ကတော့ အမြဲရောက်နေသော်လည်း အခြေအနေ အကြောင်းတရားများက မျက်ကွယ်မပြုနိုင်သေးတော့ မျှော်လင့်ချက်များကို မျိုသိပ်ထားရသည်။

"ဇင်မာရေ အပြင်သွားမလို့ ဘာမှာအုံးမလဲ"

"မမှာတော့ပါဘူး မေသူရယ်။ ကျေးဇူးပါပဲ"

တစ်ခန်းတည်းအတူနေသည့် မေသူက မေးလိုက်သောကြောင့် ဇင်မာပြန်ဖြေလိုက်ခြင်းဖြစ်သည်။ မေသူလည်း ဇင်မာနှင့်ဘဝအတူတူပင်ဖြစ်သည်။ အတိအကျပြောရလျှင်တော့ ပင်ပန်းခက်ခဲစွာကူးခပ်နေကြရသော်လည်း ကမ်းပျောက်နေကြသည့် ပန်းကလေးများသာဖြစ်သည်။ ထိုပန်းကလေးများကို လာရောက်နမ်းရှုပ်နေကြသော်လည်း တယုတယနှင့် ပန်ဆင်မည့်သူမရှိ။ အဆင်းအားဖြင့် လှတယ်ဟုထင်ရသော်လည်း ရိုးတံလည်းမရှိ၊ ပင်စည်လည်းမရှိဘဲ ငွေ၏အလိုအရ ဖူးပွင့်နေရသည့် ပန်းကလေးများသာဖြစ်သည်။ လှပစွာလိမ်းခြယ်ရင်း အပြင်ထွက်သွားသောမေသူကို ငေးကြည့်နေမိသည်။ ထို့အတူ သူ၏ အတွေးများသည်လည်း ပြီးခဲ့သော သုံးနှစ်ကျော်ခန့်ဆီသို့ ပြန်လည်ရောက်ရှိသွားခဲ့တော့သည်။

(၂)

ဆယ်တန်းအောင်စာရင်းသွားကြည့်ပြီး ပြန်လာသော ဇင်မာသည် စာမေးပွဲကျသော်လည်း ထွေထွေထူးထူးတော့ မခံစားခဲ့ရပါ။ စာမလိုက်နိုင်သည့်အပြင် အိမ်ကလည်း အဆင်မပြေသည့်အတွက် ကျောင်းတက်ရက်ကလည်း မမှန်။ သည်ကြားထဲ ကျူရှင်ကလည်း မတက်နိုင်။ ထို့ကြောင့် မျှော်လင့်ထားသည့်အတိုင်း အရှုံးရလဒ်က သူ့အတွက် မည်သို့သော ထူးခြားမှုကိုမှမဖြစ်စေခဲ့ပါ။ အိမ်ဝင်းထဲသို့ ဝင်ရန် ပြင်စဉ်မှာပင်အိမ်ထဲမှ ဒေါသတကြီးနှင့် ထွက်လာသော ရပ်ကွက်ထဲမှငွေတိုးချေးစားသည့် ဒေါ်ညိုကို တွေ့လိုက်ရသည်။

"အေး ဒီလကုန်အတိုးတင်မဟုတ်ဘူး အရင်းပါ နည်းနည်းဖဲ့ဆပ်နိုင်အောင်ကြိုးစား။ ညည်းတို့တွေ အဲလိုလုပ်တော့ ကျုပ် ငွေခေါင်းကွဲတယ်။ ဒီလောက်တောင်မှ ပြောထားလျက်သားနဲ့မဆပ်နိုင်လို့ကတော့ တစ်ရပ်ကွက်လုံး ပြောင်းဆန်အောင် အကြွေးစာရင်းကို လမ်းထိပ်မှာ ဆိုင်းဘုတ်နဲ့ ကပ်ထားလိုက်မယ်။ ငါ့အကြောင်း သိစေရမယ်။ ဟွင်း"

ဒေါ်ညိုက အသံပြကြီးဖြင့် အိမ်ပေါ်တွင် ကျန်ခဲ့သော သူ၏ အမေဖြစ်သူကို ထပ်ပြောလိုက်သေးသည်။ ထို့နောက် သူ့ဘေးမှဖြတ်၍ ပြန်သွားတော့သည်။ သူလည်း အိမ်ပေါ်သို့ ကမန်းကတန်းတက်၍ အမေ့ကို မေးလိုက်သည်။

"အမေ ဒေါ်ညိုကဘာဖြစ်လို့လဲ"

"သူ့ဆီက ယူထားတဲ့ပိုက်ဆံလေးတွေ အရင်လက လဲမပေးနိုင်ဘူးလေ။ အဲဒါ လာသတိပေးတာတဲ့"

ဝမ်းနည်းနေသောအသံဖြင့်ပြောလာသော အမေ့စကားသံကြောင့် သူ စိတ်မကောင်းဖြစ်ခဲ့ရသည်။

"ဟူး. . . ဒါကြောင့်ပြောတာပေါ့။ သမီးအလုပ်လုပ်ပါ့မယ်လို့"

"သမီးရယ် သမီးက ငယ်သေးတယ်လေ။ ဪ. . . ဒါနဲ့ သမီးအောင်စာရင်းသွားကြည့်တာ အခြေအနေဘယ်လိုလဲ"

"အမေရယ် သိသိကြီးနဲ့။ ဘယ်လိုလုပ်အောင်မှာလဲ။ ကျတာလဲကောင်းပါတယ်။ သမီးအပြင်ထွက်ပြီး အလုပ်လုပ်လို့ရတာပေါ့"

အမေလည်း သူ့အခြေအနေကိုသိထားပြီးသားမို့ သိပ်ခံစားရသည့်ပုံမပေါ်။ သို့သော် ဘယ်မိဘမဆို ကိုယ့်သားသမီးအပေါ် မျှော်လင့်ချက်ကတော့ ထားစမြဲပင်ဖြစ်သည်ဆိုတာ သူနားလည်သည်။ မျက်နှာမှာ အရိပ်အယောင်မပြသော်လည်း အမေ့ရင်ထဲတွင် စိတ်မကောင်းဖြစ်နေမည်ဆိုတာကို သူသိသည်။ အဖေဆုံးသွားတာ ယခုဆို ၁၀နှစ်ကျော်ရှိပြီဖြစ်သည်။ အမေသည် ရပ်ကွက်ထဲတွင် အဝတ်လျှော်မီးပူတိုက်ရင်း မိသားစုအတွက်ပင်ပန်းစွာရပ်တည်ခဲ့သည်။ အိမ်တွင် ဇင်မာအပြင် ရှစ်တန်းကျောင်းသား မောင်လေးချမ်းငြိမ်းနှင့် ခြောက်တန်းကျောင်းသူ ညီမလေးသီတာတို့ကရှိသေးသည်။ အကြီးဆုံးဖြစ်သည့် သူက အားရင်အားသလို အမေနှင့်အတူ အဝတ်ကူလျှော်ပေးခဲ့သည်။ ပညာရေးဘက်တွင် အခြေခံမကောင်းခဲ့သည့်အပြင် မိသားစုအခြေအနေအရ ပညာရေးကိုစိတ်ဝင်စားခြင်းကလည်းမရှိတော့သော်လည်း အမေ့ကြောင့် စာမေးပွဲလေးတော့ပြီးအောင်ဖြေခဲ့သည်။ စာမေးပွဲပြီးတော့လည်း အလုပ်လုပ်မည်ဆိုတာကို အမေကကန့်ကွက်ခဲ့ပြန်သည်။ ထို့ကြောင့် ယနေ့အောင်စာရင်းထွက်သည်ထိ သူသည်းခံပြီးစောင့်ခဲ့ရသည်။ ယခုတော့ အမေ့ကို တစ်ဖက်တစ်လမ်းက ကူညီရန်အတွက် သူအလုပ်လုပ်မှဖြစ်တော့မည်။ ညနေကျလျှင် အလုပ်ကိစ္စပြောမည်ဆိုသော သူငယ်ချင်းမာလာဆီသွားရန် သူဆုံးဖြတ်လိုက်သည်။ ဘာအလုပ်ပဲဖြစ်ဖြစ် ငွေရရန်က အရေးကြီးသည်။ သို့မှသာ ယိုင်နဲ့နေသောသူတို့မိသားစုဘဝလေး အဆင်ပြေစွာ ရပ်တည်နိုင်မည်ဖြစ်သည်။

(၃)

"ငါသွားမယ် မာလာ ငါအလုပ်လုပ်မယ် "

"ဘုရားရေ ဇင်မာ နင်တကယ်ပြောနေတာလား"

သူ၏ပြတ်သားစွာဆုံးဖြတ်မှုကြောင့် မာလာ အံ့အားသင့်သွားသည်ကို တွေ့လိုက်ရသည်။ လုပ်ရမည့်အလုပ်က နယ်စပ်တွင်လုပ်ရမည်ဖြစ်ပြီး မည်သည့်အလုပ်ဆိုတာ တိတိကျကျမသိရပေ။ သို့သော် ကြောက်နေလျှင် သူတို့မိသားစုဘဝ ပြောင်းလဲမည်မဟုတ်။

"ငါကတော့ ကြောက်လို့ မသွားတော့ဘူးဇင်မာရယ်။ ငါက နင်အလုပ်လုပ်ချင်တယ်ဆိုလို့သာ ပြောရတာ။ ဒါပေမဲ့ အခုလိုနယ်စပ်ကြီးမှာဆိုတော့ စိတ်ပူတယ်။ နောက်ပြီး ရုပ်ရှင်တွေ၊ ဇာတ်ကားတွေမှာလဲ လူကုန်ကူးတာတွေ မြင်နေရတယ်လေ"

"ငါသိပါတယ်မာလာရယ်။ ဒါပေမဲ့ ဘယ်နေရာရောက်ရောက် သမ္မာအာဇီဝကျဖို့ပဲအရေးကြီးတာပါ။ ငါဘာမှမလုပ်ဘဲ ဒီအတိုင်းနေရင် အမေနဲ့ မောင်လေး၊ ညီမလေးတွေ ဟိုးမြေကြီးအောက်ထဲရောက်ဖို့ပဲရှိတော့တယ် မာလာ။ ဒီရွာမှာနေလို့ ငါကဘာမှဖြစ်လာမှာမဟုတ်ဘူး။ ငါ့ကိုပြောပေးပါ မာလာရယ်"

"အေးပါ နင် ဆန္ဒပြင်းပြနေမှတော့ နင့်ကို ပွဲစား မခင်ရီနဲ့ပေးတွေ့ပေးမယ် ဟုတ်ပြီလား"

မာလာ့စကားကြောင့် သူပြုံးလိုက်မိသည်။ သို့သော် သူ၏ရင်ထဲမှာတော့ ညှိုးငယ်ခြောက်သွေ့ခြင်းအပြည့်ဖြင့်သာ။

(၄)

တကယ်တမ်း အိမ်နှင့်ခွဲရမည်ဆိုတော့ သူ မခံစားနိုင်ခဲ့ပါ။ ပွဲစား မခင်ရီကပေးသော ကြိုတင်ငွေတစ်သိန်းဖြင့် အမေ့ကိုကန်တော့လိုက်သည်။ အမေ့နှုတ်က ဘာမှမပြောသော်လည်း အမေ့မျက်ဝန်းအိမ်မှ မျက်ရည်များစီးကျနေသည်။ သူ၏ဘေးမှာထိုင်နေသော မောင်လေးနှင့်ညီမလေးလည်း ငိုနေကြသည်။ သူ ငို၍မဖြစ်။ အားတင်းပြီး ဟန်ဆောင်နေလိုက်သည်။ ရင်ထဲမှာတော့ သည်းထန်စွာငိုကြွေးနေမိသည်။

"အမေ သမီးကိုနားလည်ပေးပါနော်။ သမီး အချိန်အတိုင်းအတာတစ်ခုထိလောက်ပါပဲ။ နောက်ပြီး သမီးကိုယုံကြည်ပေးပါအမေရယ်"

သူပြောလိုက်တော့ အမေသည် စီးကျလာသော မျက်ရည်များကိုသုတ်ရင်း ပြန်ပြောရှာသည်။

"အမေ ယုံပါတယ်သမီးရယ်။ ကံကြမ္မာကိုသာ မယုံတာပါ။ အခုလို အမေ့သမီးအလုပ်လုပ်ရတာ အမေတို့အသုံးမကျခဲ့လို့ဆိုတာ အမေသိပါတယ်"

"အမေရယ် အဲလိုဘယ်ဟုတ်ပါ့မလဲ။ ဖြစ်ဖို့ကံပါလာတော့လဲ ရှောင်လွှဲလို့မှမရတာ။ နောက်ပြီး သမီးအလုပ်လုပ်တာ အမေရယ်၊ မောင်လေးရယ်၊ ညီမလေးရယ်အတွက်လေ။ သမီးမိသားစုအတွက် သမီးအလုပ်လုပ်တာ သမီးဂုဏ်ယူတယ်အမေ။ ဟိုရောက်တာနဲ့ အဆင်ပြေမှာပါ။ အမေတို့ဆီကိုလဲ အမြဲဆက်သွယ်နေမှာပါ အမေရယ်"

"ဘယ်နေရာရောက်ရောက် ရတနာသုံးပါးကို တော့မမေ့ပါနဲ့သမီး။ အမေ ဒါပဲမှာချင်တယ်။ အမေက သမီးကိုပြောမရလို့သာခွင့်ပြုလိုက်တာ အမေ့ရင်ထဲ မကောင်းဘူးသမီးရယ်"

ပြောရင်းဖြင့် ငိုကြွေးလာသောအမေ့ကြောင့် သူ၏ မျက်ရည်များသည်လည်း အတားအဆီးမဲ့စွာ စီးကျလာတော့သည်။ မောင်လေးနှင့် ညီမလေးကို သူ ရင်ခွင်ထဲဆွဲထည့်လိုက်ပြီး ငိုကြွေးလိုက်မိတော့သည်။

"မမ ညီမလေးတို့ဆီပြန်လာနော်"

"မမ ပြန်လာတာကို မောင်လေးတို့စောင့်နေမယ်နော်"

"မမ ပြန်လာမှာပါ ကလေးတို့ရယ်"

(၅)

အတိတ်က အဖြစ်အပျက်များပြန်တွေးရင်း သက်ပြင်းချလိုက်မိသည်။ တရားမဝင်သော လူကုန်ကူးမှုကြောင့် သူ့လိုအမျိုးသမီးငယ်လေးများ၏ဘဝများ ပန်းကောင်းအညွန့်ချိုးခံခဲ့ရတာ သူမျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ အတူနေသည့်မေသူသည်ပင် မက်လုံးများယုံစားမိပြီး ယခုလိုဘဝမျိုးကို ဆန္ဒမပါဘဲရောက်ရှိခဲ့ရသည်။ ယခုတော့ မေသူလည်း နေသားကျနေပြီဖြစ်သည်။ သို့သော် မိန်းမငယ်လေးများ သူတို့လိုအဖြစ်ဆိုးမျိုးနှင့် မကြုံတွေ့ပါစေနဲ့ဆိုပြီး သူအမြဲတမ်းဆုတောင်းမိသည်။

မိန်းမငယ်လေးများ၏ဘဝကို ကိုယ်ချင်းစာမိသောကြောင့် လူကုန်ကူးနေသည့်လုပ်ငန်းကြီး ပပျောက်ရန် အများနည်းတူဆန္ဒရှိသော်လည်း အစစအရာရာမပြေလည်သောဘဝမှာ ငွေ၏နောက်ကို အယုံလွယ်ပြီးလိုက်ခဲ့ကြရင်း ပေးဆပ်နေရသူအများအပြားရှိနေဆဲပင်ဖြစ်သည်။

သူကတော့ မည်သူ့ပယောဂမှမပါဘဲ မိမိဆန္ဒအရရွေးချယ်ခဲ့ခြင်းသာဖြစ်သည်။ နောင်တရနေမိသော်လည်း အိမ်ကိုပံ့မှန်ပံ့ပိုးနိုင်သည့်အပြင် အဆင်ပြေနေသည့် မိသားစုအကြောင်းကြားရတော့ သူရင်းနှီးခဲ့ရတာ တန်ပါတယ်ဟုသာ ဖြေသိမ့်လိုက်ရသည်။ ယခုဆို မောင်လေးသည် ဆယ်တန်းအောင်ပြီး ပထမနှစ်ကျောင်းသားပင်ဖြစ်နေပြီ။ ညီမလေးကတော့ ကိုးတန်းကျောင်းသူဖြစ်နေပြီ။ အမေလည်း ယခင်လို ရပ်ကွက်ထဲတွင် အဝတ်လျှော်စရာမလိုတော့ဘူးဆိုသည့်အတွက် များစွာကျေနပ်မိသည်။ အမှန်ပြောရလျှင် သူအိမ်ကို အလွန်ပြန်ချင်နေသည်။ သူ အလွန်ပြန်ချင်နေသော်လည်း အခြေအနေက မျက်နှာသာမပေးနိုင်သေးပါ။ သို့သော် တစ်ချိန်ချိန်တော့ သူ၏ နွေးထွေးသည့် မိသားစုလေးဆီကိုတော့ မဖြစ်ဖြစ်အောင်အရောက် ပြန်ဖြစ်ပါလိမ့်မည်။

"ဟူး. . . "

သက်ပြင်းရှည်တစ်ခု မှုတ်ထုတ်လိုက်ရင်း အတွေးအာရုံထဲတွင် တဝဲလည်လည်စီးမျောနေသည့် စိတ်များကို ခေတ္တမေ့ပျောက်လိုမေ့ပျောက်ငြားဖြင့် ဘေးတွင်ရှိနေသော ဖုန်းကိုဆွဲယူလိုက်သည်။ ထို့နောက် ဖေ့ဘွတ်ကိုဖွင့်ကာ ဟိုသည်လျှောက်ကြည့်နေမိသည်။ ထိုစဉ်-

"ဇင်မာရေ ဧည့်သည်ရောက်နေပြီတဲ့ဟေ့"

"ဪ. . . ဟုတ်ကဲ့ ဂျာကြီး"

ဂျာကြီးက အခန်းရှေ့မှ လာအော်ပြောခြင်းဖြစ်သည်။ ဆန္ဒမပါလည်း နေသားကျနေရသည့်တာဝန်အပေါ် သူပေးဆပ်ရပေဦးမည်ဖြစ်ပေသည်။

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၃၁ ဧက စိုက်ပျိုးပြီးစီး



**ပုသိမ် မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၆၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၆၅၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်းကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၅၆၆၉ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ပဲတီစိမ်း ၆၅၃၁ ဧက စိုက်ပျိုးပြီးပါပြီ။ အခုနှစ် ဆောင်းသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တာတွေကို စနစ်တကျစီမံဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးပြီး သီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းလာဖို့ကိုလဲ ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း အပါအဝင် ဆောင်းသီးနှံများ အားလုံး လျာထားချက်အတိုင်း ပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၂၅၉၃ ဧက ရိတ်သိမ်းပြီးစီး

**ဘုတလင် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၂၅၉၃ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၅၉၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဘုတလင်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖူးစားပြောင်း ၂၅၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၉၄၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၅၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖော်ပြောင်း တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၂၀၆)



# ကဝမြို့နယ် ပိုင်ကျုံကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကဝ မတ် ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ပိုင်ကျုံကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဆုလှဲ့မွန်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၂၂ ဒသမ ၃၁ သန်းဖြင့် ဆောင်ရွက်သည့် ကဝမြို့နယ် ပိုင်ကျုံကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကဝမြို့နယ် ပိုင်ကျုံကျေးရွာအဝင်လမ်း အရှည် ၅ ဒသမ ၇ဖာလုံ၊ အကျယ်၁၂ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပဲခူးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထူးသက်ဝေကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကြောင့် ဒေသထွက်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာ မြို့ပေါ်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဆုလှဲ့မွန်က ပြောပြ၍ သိရသည်။

**ကျော်ဇေဉီး(မောရှမ်းမြေ)**

## တားဆီးကာကွယ် မီးအန္တရာယ်

\- ဂိမှာန်ခါ အပူပြင်းလို့<br>
နွေလတွင်း ခုချိန်ခါ၊<br>
သစ်ရွက်တွေ ဇရပ္ပနှင့်<br>
ကြွေကျလို့သာ၊<br>
အမှိုက်ရှုပ် နေရာတကာ<br>
သတိထားပါ ရန်သူမီး၊<br>
တောမီးကို အလေးထား<br>
အရေးကကြီး။

\- ထင်းလောင်စာ မီးသွေးမီး<br>
အန္တရာယ်ကြီး ဂက်(စ်)မီးဖို၊<br>
ဂရုစိုက်ပါ အိမ်ပြင်ထုတ်<br>
ချက်ပြုတ်ဖို့ လို၊<br>
ဝိုင်ယာပေါက်ပြဲ လျှပ်စစ်ကြိုးကို<br>
ဟောင်းနွမ်းအိုလျှင် မသုံးရ၊<br>
ကလေးငယ် မီးမဆော့ရေး<br>
အလေးထားကြ။

\- လမ်းလျှောက်ကာ ဆေးလိပ်မသောက်ရ<br>
တွေးထိတ်ကြောက်စရာ့ မီးပွားတွေ၊<br>
မီးချိတ်ကို အိမ်တိုင်းထား<br>
ကာကွယ်သွားလေ၊<br>
သဲအိတ်နှင့်ဆေးဘူးရေပုံးတွေ<br>
အဆင်သင့်လေ ဆောင်ကာထား၊<br>
လေပြင်းတိုက်လျှင် အန္တရာယ်ကြီး<br>
မီးမွှေးရှောင်ရှား။ ။

**ရွှေတိုး(ထုံးဘို)**

# လှိုင်းဘွဲ့မြို့နယ် အလန်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ မတ် ၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလန်းရွာကြီးကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အလန်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၆၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# ပယ်ဖျက်၍မရသော စာချုပ်တစ်ခုအကြောင်း

**စိန်လှိုင်ဖိုလ်**

မြန်မာ့ဓလေ့ထုံးတမ်းအမွေခန်းနှင့်ပတ်သက်၍ ကျယ်ဝန်းနက်ရှိုင်းလွန်းသဖြင့် လေ့လာ၍မကုန်နိုင်ပါ။ မြို့ပေါ်များတွင်ဖြစ်စေ၊ ကျေးရွာများတွင်ဖြစ်စေ၊ အမွေကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုများ ရှိနေကြဆဲဖြစ်သည်။ အမွေဆက်ခံခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကိုးကွယ်သူများအားလုံး ရှင်းရှင်းလေးနှင့် ရှုပ်နေကြသည့် ပြဿနာတစ်ရပ်ရှိခဲ့ဖူးသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိဘများသက်ရှိထင်ရှားရှိစဉ် အမွေကို မိသားစုစီမံမှုစာချုပ်ချုပ်ဆို၍ ခွဲဝေနိုင်သည်။ အမွေခံအားလုံး သဘောတူလက်မှတ်ရေးထိုးကြရမည်ဖြစ်သည်။ မိဘနှစ်ပါးကွယ်လွန်မှ ထိုအမွေကို ခွဲဝေခံစားကြရမည်ဖြစ်သည်။ (ခရစ်ယာန်ဘာသာဝင်များကဲ့သို့ သေတမ်းစာရေးခွင့်မရှိပါ) ထို့ပြင် အမွေရှင်မိဘသည် အမွေခံ သားသမီးတစ်ဦးဦးကို ၎င်းတို့မသေခင် အမွေပေးနိုင်ပါသည်။

ထိုသို့အမွေပေးရာတွင် ကျန်သားသမီးများအတွက် မကျန်လောက်အောင် ပစ္စည်းအားလုံး အမွေပေးလိုက်ခြင်းမျိုးကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း အများသိရှိကြပါသည်။ ထိုသို့ တစ်ဦးတည်းသို့ ရှိသမျှအကုန်ပေးကမ်းခြင်းသည် မိဘနှစ်ပါးကွယ်လွန်ချိန်တွင် တရားမဝင်ပျက်ပြယ်ပြီး အမွေပုံပစ္စည်းဖြစ်သွားကြောင်းကိုလည်း သိရှိသူများပါသည်။

အများပြည်သူသိသင့်သိထိုက်သော ဥပဒေဗဟုသုတရရှိစေမည့် လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကား၍ ရေးသားဖော်ပြပါဦးမည်။ မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် (၄/၈၀)တွင် ဦးတင်ညွန့်၊ ဒေါ်ကြည်ငွေးနှင့် ဒေါ်ကြည်သန်းတို့က ဦးတင်ဝင်း၊ ဒေါ်မြရီ၊ ဦးမောင်ငယ်နှင့် ဒေါ်အေးမြတို့အပေါ် ဦးမောင်ငယ်နှင့် ဒေါ်အေးမြတို့က ဦးတင်ဝင်းနှင့် ဒေါ်မြရီတို့အား မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ ပေးကမ်းသည့်စာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။ (ဦးတင်ညွန့်၊ ဒေါ်ကြည်ငွေး၊ ဒေါ်ကြည်သန်းနှင့် ဦးတင်ဝင်းတို့သည် ဦးမောင်ငယ်၊ ဒေါ်အေးမြတို့၏ သားသမီးများဖြစ်ကြသည်။ ညီအစ်ကိုအရင်းတော်စပ်သူ ဇနီးမောင်နှံကို မိဘနှစ်ပါးက ၎င်းတို့ကိုမတိုင်ပင်ဘဲ စာချုပ် ချုပ်ဆိုလွှဲပြောင်းပေးသဖြင့် သားသမီးက မိဘကို ပြန်လည်စွဲဆိုသောအမှုဖြစ်ပါသည်။)

ဖခင် ဦးမောင်ငယ်တို့သည် ၁၉၇၉ ခုနှစ် မတ် ၂၃ ရက် ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ စဉ့်ကူးမြို့နယ်၊ ခက်သင်ကျေးရွာရှိ အချင်းဖြစ်မြေနှင့်အိမ်ကို သားဖြစ်သူ ဦးတင်ဝင်းနှင့် ဇနီး ဒေါ်မြရီတို့ကို ပေးကမ်းခဲ့သည်။ ထိုသို့ပေးကမ်းခြင်းမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပျက်ပြယ်ကြောင်း အဆိုပြုကာ အပေးစာချုပ်ကိုပယ်ဖျက်ပေးရန် စွဲဆိုခဲ့ခြင်းဖြစ်သည်။ ဖခင်၊ ဦးမောင်ငယ်၊ မိခင် ဒေါ်အေးမြတို့က သားသမီးများအားလုံးအား မိမိတို့ပိုင် လယ်ယာကိုင်းကျွန်းမြေများကို ၁၃၃၆ ခုနှစ်တွင် ခွဲဝေပေးပြီးဖြစ်ကြောင်း စာချုပ်ချုပ်ဆိုပေးကမ်းလိုက်သူ တရားပြိုင် ဦးတင်ဝင်းနှင့် ဇနီးတို့သာ မိဘများနှင့်အတူနေ၍ ဝတ်ကြီးဝတ်ငယ်ပြုစုသူများဖြစ်၍ အချင်းဖြစ်ပစ္စည်းကို ၎င်းတို့အား ပေးကမ်းခဲ့ခြင်းဖြစ်ကြောင်း ရုံးတော်သို့တင်ပြသည်။ မူလရုံးတရားလိုများက ၎င်းတို့အား လယ်ယာမြေများခွဲဝေပေးသည်ဆိုသောအချက်ကို ဝန်ခံသော်လည်း အချင်းဖြစ်မြေနှင့် အိမ်ကို မိဘနှစ်ပါး ကွယ်လွန်သောအခါတွင်မှ အမွေခွဲဝေပေးရန် သဘောတူညီခဲ့သော်လည်း ၎င်းတို့ကို အသိမပေးဘဲ ချုပ်ဆိုပေးကမ်းခြင်းဖြစ်ကြောင်းရုံးတော်သို့တင်ပြခဲ့သည်။ တိုင်းတရားရုံးက ငြင်းချက်နှစ်ရပ်ထုတ်နုတ်ကြားနာသည်။



၁။ ၁၉၇၉ ခုနှစ် မတ် ၂၃ ရက်က ချုပ်ဆိုထားသည့် အပေးစာချုပ်သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တည်မြဲခိုင်မာခြင်းမရှိသဖြင့် ပျက်ပြယ်သည်ဆိုသည်မှာ မှန်သလား။

၂။ တရားလိုတို့သည် မည်သည့်သက်သာခွင့်များ ရထိုက်ပါသနည်း။

တိုင်းတရားရုံးက မှတ်ပုံတင် စာချုပ်စာတမ်းပြုလုပ်၍ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေနှင့်အညီ ပေးကမ်းသည်မှန်သော်လည်း အမွေစားအမွေခံများ၏ အခွင့်အရေးဆုံးရှုံးလောက်အောင် ရှိသမျှပစ္စည်းအားလုံးကိုမူ မပေးကမ်းနိုင်ဟု **"ဒေါ်သိုင်းနှင့် ဒေါ်ငွတ် ၁၉၄၉ ခုနှစ်၊ မ.တ.ဓ စာ ၄၇၁"**စီရင်ထုံးကို ကိုးကား၍ ဦးမောင်ငယ်တို့က ဦးတင်ဝင်းတို့ကို အချင်းဖြစ်အိမ်နှင့်မြေကို ပေးကမ်းသည့်စာချုပ်မှာ ပျက်ပြယ်သည်ဟု ကောက်ယူဆုံးဖြတ်ခဲ့သည်။ ဦးတင်ဝင်းတို့ကမန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့သည်။

**တရားရုံးချုပ်၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

ကင်းဝန်မင်းကြီး၏ ဓမ္မသတ်(၁၆)စောင်တွဲ အခန်း (၈)ပုဒ်မ (၇၅) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်ပါ ကောက်နုတ်ချက်မှာ-

**သားချင်းတို့အနက် တစ်ခုံတစ်ယောက်သော သားသမီးတို့ကို မိဘတို့သည် ပေးကမ်းစွန့်၍ လက်သို့ ရောက်သည်ရှိသော်လည်း ထိုမိဘသေဆုံးသည့်နောက် သားချင်းတို့မှာ ဝေချမ်းစရာ အမွေဥစ္စာမရှိခဲ့မူကား မိဘတို့ပေးကမ်းခဲ့သည့် လက်ရောက်ဥစ္စာဖြစ်သည်ဟု မဆိုသာ။ ထိုဥစ္စာကိုအမွေပုံမှာသွင်း၍ သားချင်းတို့နှင့် တရားကြောင်းအလျောက် ခွဲဝေခြင်းကိုပြုအပ်၏။**

မြန်မာဗုဒ္ဓဘာသာတစ်ဦးသည် မိမိပိုင်ပစ္စည်းကို ပေးကမ်းခွင့်မရှိကြောင်း တားမြစ်ချက်မရှိပါ။ သို့ရာတွင် အထက်ပါပြဋ္ဌာန်းချက်အရ မြန်မာဗုဒ္ဓဘာသာတစ်ဦးသည် ပစ္စည်းအားလုံးကို တခြားသူတစ်ဦးအား ပေးကမ်းခြင်းနှင့် ပေးကမ်းသူကွယ်လွန်သောအခါ ၎င်း၏ အမွေစားအမွေခံများအတွက် **ဝေချမ်းစရာပစ္စည်းမရှိသည့်အခါ** ထိုသို့ပေးကမ်းခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပေးကမ်းခြင်းကြောင့် ရရှိထားသည့်ပစ္စည်းကို အမွေပုံတွင်ထည့်သွင်း၍ ခွဲဝေကြရမည်ဖြစ်ကြောင်း အယူခံရုံးတော်က စိစစ်သုံးသပ်ခဲ့ပါသည်။

တိုင်းတရားရုံးက ဖော်ပြကိုးကားသည့် **ဒေါ်သိုင်းနှင့် ဒေါ်ငွတ်**အမှုတွင် ပေးကမ်းသူအမွေရှင်သည် အချင်းဖြစ်ပစ္စည်းများကို **၎င်းမသေမီ ကိုးရက်အလို**တွင် ပေးကမ်းခဲ့ပြီးဖြစ်ပြီး **အမွေရှင်ကွယ်လွန်ပြီးမှ စွဲဆိုသောအမှု**တွင် ထိုသို့ပေးကမ်းခြင်းမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် မညီညွတ်ဟု အဆုံးအဖြတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ ၎င်းအမှုတွင် ပေါ်ပေါက်သောအကြောင်းအရာများနှင့် ယခုအမှုပါ ဖြစ်ရပ်အကြောင်းအရာများ တူညီခြင်းမရှိကြောင်း အယူခံရုံးတော်က စိစစ်သုံးသပ်ခဲ့ပါသည်။ (ယခုအမှုမှာ အမွေရှင်မကွယ်လွန်သေးပါလျက် စွဲဆိုသောအမှုဖြစ်ပါသည်။)

မူလရုံးတရားလို ဦးတင်ညွန့်တို့ ဤအမှုကို စတင်စွဲဆိုစဉ်က မိဘများဖြစ်ကြသော **ဦးမောင်ငယ်နှင့် ဒေါ်အေးမြတို့မှာ အသက်ထင်ရှား ရှိနေသည့်အလျောက်** ဦးတင်ညွန့်တို့သည် အချင်းဖြစ်ပစ္စည်းများတွင် တစ်စုံတစ်ရာအကျိုးသက်ဆိုင်ခွင့်မရှိကြောင်း၊ သို့ဖြစ်ရာ ဦးမောင်ငယ်တို့က ၎င်းပစ္စည်းများကို ဦးတင်ဝင်းတို့အား ပေးကမ်းသည့်ကိစ္စ၌ တစ်စုံတစ်ရာပြောရေးဆိုခွင့်မရှိသည့်အလျောက် အချင်းဖြစ်စာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်မရှိဟု အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။ ၁၃၈၃ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၁၉၁ ဦးတင်ဝင်းပါ ၂ နှင့် ဦးတင်ညွန့်ပါ ၂ စီရင်ထုံးကို ရည်ညွှန်းကိုးကား၍ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ အထက်တွင် စီရင်ထုံးပါ ဆိုလိုရင်းအနှစ်သာရများကို ရေးသားဖော်ပြခဲ့ပြီးဖြစ်သော်လည်း သာမန်ပြည်သူများ ဥပဒေနှင့်အလှမ်းဝေးသည့်အားလျော်စွာ အနည်းငယ်ဖြည့်စွက်ဖော်ပြပါဦးမည်။

မြန်မာလူမျိုးဗုဒ္ဓဘာသာကိုးကွယ်သူများအားလုံးသည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ မိဘအမွေကို သားသမီးများအားလုံး ညီတူညီမျှ ခွဲဝေခံစားခွင့်ရှိကြသည်။ ဩရသအခွင့်အရေးဆိုသည်မှာမူ သားကြီး၊ သမီးကြီးများသည် မိဘနှစ်ပါး၏ စီးပွားလုပ်ငန်းဆောင်တာများတွင် ပါဝင်ဆောင်ရွက်ခဲ့ရသည်ရှိပါက အမွေ၏ လေးပုံတစ်ပုံကို ခံစားခွင့်ရှိသည်။ မိဘများအနေဖြင့် မွေးဖွားခဲ့သော သားသမီးများအနက် မိဘအပေါ် လုပ်ကျွေးပြုစုသူ၊ မိဘအပေါ် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန် ပြုမူသူတချို့ရှိနိုင်ရာ သိတတ်လိမ္မာသူ အပေါ်သို့ အမွေပုံကို ပိုမို၍ပေးနိုင်သည်။ ကျန်သားသမီးများက ကန့်ကွက်ခွင့်မရှိပါ။ လိမ္မာသူသားသမီးကို အမွေပုံပစ္စည်းအားလုံးပေးခြင်းဖြင့် ကျန်သားသမီးများအတွက် တစိုးတစိမျှမကျန်ရစ်အောင် ပေး၍မရကြောင်း သိစေလိုပါသည်။ မိဘမသေမီ ထိုသို့ပေးအပ်လိုက်ပါက မိဘမရှိတော့လျှင် ပေးလိုက်သောပစ္စည်းများသည် ကျန်ရှိသော သားသမီးများအတွက်ပါ ခွဲဝေရမည့် အမွေပုံဖြစ်သွားပါတော့သည်။

ယခုအမှုတွင် မိဘနှစ်ပါးက သားသမီးများကို ထိုက်သည့်အားလျော်စွာ လယ်ယာကိုင်းကျွန်းများ ပေးခဲ့ပြီးဖြစ်သည်။ တရားစွဲသော သားသမီးများကလည်း ဝန်ခံသည်။ အတူနေသားဖြစ်သူကို အိမ်ခြံမြေပေးခြင်းဖြင့် ပေးကမ်းခြင်းကိုမပျက်ပြယ်စေနိုင်ပါ။ မိဘသက်ရှိထင်ရှားရှိနေပါလျက် မိမိတို့ အသီးသီးတွင်လည်း ခံစားခွင့် များရရှိပြီးဖြစ်ပါလျက် စွဲဆိုပိုင်ခွင့်မရှိဘဲ ပေးကမ်းမှတ်ပုံတင်စာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲဆို၍မရကြောင်းစီရင်ထုံးကို ကိုးကား၍ ထပ်ဆင့်ရှင်းလင်းဖော်ပြ လိုက်ရပါသည်။

## နတ်မောက်မြို့နယ်၌ ပိတောက်ငုတ်-သမုန်းပင်ကျေးရွာချင်းဆက်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နတ်မောက် မတ် ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မကွေး-နတ်မောက်ကားလမ်းမကြီးမှ ပိတောက်ငုတ်-သမုန်းပင်ကျေးရွာချင်းဆက်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နတ်မောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်၊ နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူ၊ တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပိတောက်ငုတ်-သမုန်းပင်ကျေးရွာချင်းဆက်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါမကွေး-နတ်မောက်ကားလမ်းမကြီးမှ ပိတောက်ငုတ်-သမုန်းပင်ကျေးရွာချင်းဆက်လမ်းအရှည် နှစ်မိုင် သုံးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၈၂ ဒသမ ၄၁၅ သန်းဖြင့် တင်ဒါအောင်သည့် မိုးမခသဇင်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လမှ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးဖြစ်သည်။

အဆိုပါ ကျေးရွာချင်းလမ်း ဖောက်နိုင်မှုကြောင့် ကျေးရွာလေးရွာရှိ အိမ်ခြေ ၇၂၆ အိမ်၊ လူ ၃၃၇၁ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေနိုင်မည်ဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူက ပြောပြ၍ သိရသည်။ **သန်းလွင်(မကွေး)**

# လပွတ္တာမြို့နယ်မှ ငါးစည်ဖောင်းခြောက်များ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေ



**လပွတ္တာ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ငါးစည်ဖောင်းခြောက်များ ရန်ကုန်ဈေးကွက်က ဝယ်ယူမှု ကောင်းနေကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသော ငါးစည်ဖောင်းခြောက်များကို ပြည်တွင်း ရန်ကုန်ဈေးကွက်က ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ပြီး ယနေ့ထိ ဝယ်ယူမှုကောင်းလာကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက်များသည် ငါးရွှေငါး၊ နတ်ကတော်ငါး၊ ငါးရောင်၊ ငါးပုတ်သင်စသည့် ငါးများကို ဝမ်းဗိုက်ခွဲပြီး အတွင်းမှရရှိသည့် စည်ဖောင်းများကို စနစ်တကျသန့်စင်နေပူလှန်း၍ အခြောက်ခံရရှိခြင်းဖြစ်သည်။

"လပွတ္တာမြို့နယ်က ထွက်တဲ့ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု သိသိသာသာ ကောင်းနေပါတယ်။ ဒေသထွက် ငါးစည်ဖောင်းခြောက်တွေကို ပြည်တွင်းဈေးကွက် ရန်ကုန်သို့ အဓိကထားတင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ငါးစည်ဖောင်းခြောက်ပိဿာချိန် ၇၅၀၀ ထိ တင်ပို့ရောင်းချထားရကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက် တစ်ပိဿာဈေးနှုန်းသည် ငါးရွှေ ငါးစည်ဖောင်းခြောက် တစ်ပိဿာ လျှင်ငွေကျပ် ၅၅၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက်တစ်ပိဿာ လျှင်ငွေကျပ် ၅၇၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက်တစ်ပိဿာ လျှင်ငွေကျပ် ၃၂၅၀၀ မှ ၃၅၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင်ငွေကျပ် ၇၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ပြွန်ကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် မတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျည်းကန်ကျေးရွာအုပ်စု ပြွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၅၀ ဒသမ ၅ သန်းကိုလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပြွန်ကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၄ဦးကို ငွေကျပ် ၁၉ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ခိုင်(မလှိုင်)**

# မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြင်းမူ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၀၅ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၁၉၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၀၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ်မှာ နွေစပါးသီးနှံဧက ၁၉၅၀ စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိအချိန်ထိတော့ နွေစပါးသီးနှံ ၁၀၀၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နွေစပါးသီးနှံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်နေတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



ယခုနှစ် မြင်းမူမြို့နယ်တွင် နွေစပါး စိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကွန်ဟိန်းမြို့နယ် ကျေးရွာနှစ်ရွာတွင် ဆိုလာရေသန့်စက်တပ်ဆင်ပြီးစီးမှု စစ်ဆေး

**ကွန်ဟိန်း မတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာနှစ်ရွာ၌ ဆိုလာရေသန့်စက် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် ဝန်ထမ်းများသည် သိန်းဖုံကျေးရွာနှင့် ဝိန်နန်းကျေးရွာတွင် ဆိုလာရေသန့်စက် တပ်ဆင်ပြီးစီးမှု၊ သောက်သုံးရေသုံးစွဲနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာနှစ်ရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဆိုလာရေသန့်စက်ကို ရေရှည်တည်တံ့အောင် ကျေးရွာရေကော်မတီများဖွဲ့၍ စနစ်တကျထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကွန်ဟိန်းမြို့နယ် သိန်းဖုံကျေးရွာနှင့် ဝိန်နန်းကျေးရွာတွင် ဆိုလာရေသန့်စက်တပ် ဆင်ခြင်းလုပ်ငန်းကို ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၈ သိန်းစီအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာအကူအညီများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာ နှစ်ရွာရှိ အိမ်ခြေ ၁၈၇ အိမ်၊ လူ ၈၇၃ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေများ အလွယ်တကူ ရရှိနေကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းထံမှ သိရသည်။

**ချိုသန်းညွန့်**

# တပ်ကုန်းမြို့နယ် သစ်ဆိန်ပင် (တ)ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ဆိန်ပင်ကျေးရွာအုပ်စု သစ်ဆိန်ပင်(တ)ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက သစ်ဆိန်ပင်(တ)ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သစ်ဆိန်ပင် (တ)ကျေးရွာတွင် စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် ၄၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# သဘောစိတ်ကိုကချိန်၊ ကောလိပ်ပျိုကျွန်မစိန်

မောင်သင်းထို(ကျောက်မဲ)



ဇာတ်မင်းသမီးကောလိပ်စိန်ဆိုတာ ဇာတ်မင်းသားကြီးဦးဖိုးစိန်ရဲ့ အားအကိုးဆုံး၊ လက်သုံးတောင်ဝှေးမင်းသမီးတစ်လက်ပါ။ အောင်ဗလ၊ ငွေစိန်၊ ငွေရီ၊ ညိုညို၊ စိန်ဥ၊ ကြင်ဥ၊ ရင်နု၊ ကြင်ယုံ၊ အလုံစိန်တင် စတဲ့ မင်းသမီး ၅၀ ကျော်လောက်ကို ဦးဖိုးစိန်က တွဲကခဲ့ဖူးပေမဲ့ ကောလိပ်စိန်လောက် ဘယ်မင်းသမီးကိုမှ စိတ်တိုင်းမကျ၊ မျက်နှာမလွှဲခဲ့ရ၊ အားမကိုးရဘူးလို့ပြောပါတယ်။

ဦးဖိုးစိန်က ကောလိပ်စိန်ကို အားကိုးရတာ အကြောင်းနှစ်ရပ်ရှိပါတယ်။ ကောလိပ်စိန်ဆိုတာက ဦးဖိုးစိန်အားကိုးရလောက်အောင် အရည်အချင်းပြည့်တာရယ်၊ ဦးဖိုးစိန်ဆိုတာက အသက်အရွယ်ကြီးရင့်လာပြီဖြစ်တာကြောင့်ရယ်ပါ။ ကောလိပ်စိန်ကို ချစ်ကြတဲ့ပရိသတ်က ကောလိပ်စိန်ကို 'မကောလိပ်'လို့ ချစ်စနိုးခေါ်ကြတယ်။ ပရိသတ်က ဦးဖိုးစိန်နဲ့ ကောလိပ်စိန်တို့တွဲကကြတာကို နေနဲ့လ ရွှေနဲ့မြ လိုက်ဖက်တဲ့အတွဲလို့ မြင်ကြပါတယ်။

တခြားမင်းသမီးတွေလဲ ဦးဖိုးစိန်နဲ့တွဲပြီး နှစ်ပါးသွားကခဲ့ကြတာပါပဲ။ ဒါပေမဲ့ ကောလိပ်စိန်နဲ့ကျတော့ ဦးဖိုးစိန်ဟာ ဣန္ဒြေရရ၊ တင့်တင့်တယ်တယ် တွဲဖက်ကပြနိုင်ခဲ့ပါတယ်။ ကောလိပ်စိန်ရဲ့ သာတဲ့အချက်က နောက်ပိုင်းဇာတ်တွေပါ ပါဝင်ကပြနိုင်တာကြောင့်ဖြစ်ပါတယ်။

ကောလိပ်စိန်ကို ပရိသတ်ကချစ်ကြတယ်။ ချစ်တာက ရုပ်လှတာကြောင့်လဲပါတယ်။ ကောလိပ်စိန်ကို အရပ်သူတစ်ယောက်အနေနဲ့ကြည့်တော့ အသားဖြူဖြူ၊ မျက်နှာက ပါးပါးသွယ်သွယ်၊ မျက်ခုံးလှလှ၊ နှာတံပေါ်ပေါ်ရှိပါတယ်။ မျက်နှာပေါ်မှာ ကျောက်ပေါက်မာလေးတွေ မသိမသာရှိပေမဲ့ ဇာတ်ခုံပေါ်မှာကျတော့ ကောလိပ်စိန်ဆိုတာ မိန်းမချော၊ မိန်းမလှ၊ လုံးကြီးပေါက်လှကို ဖြစ်နေတော့တာပါ။

ဦးဖိုးစိန်နဲ့တွဲကကြတော့ ကောလိပ်စိန်ဆိုတာ မကလက်ဘူး။ ဣန္ဒြေရရလေးနဲ့ထွက်လာလိုက်တာများ အလွန်အင်မတန်ကျက်သရေရှိတဲ့ မိန်းကလေးပါပဲ။ ကောလိပ်စိန်ရဲ့ဇာတိက ဝါးခယ်မမြို့အနီးက ထီးပနန်ရွာကပါ။ ဦးဘိုးရှန်း၊ ဒေါ်မှန်တို့ရဲ့ တတိယသမီး အမည်ရင်းက 'မမြလွင်'တဲ့။ ငယ်တုန်းကဆိုးတဲ့ကလေး၊ ကဲတဲ့ကလေးမို့ မိဘတွေကတော့ 'မယ်လွန်'လို့ ခေါ်ကြတယ်။

ဝါးခယ်မဘက်မှာ တော်တဲ့တောမင်းသမီးလေးတွေရှိတယ်ကြားတော့ ဒေါ်သြဘာသောင်းတို့က ဝါးခယ်မကိုလာ မင်းသမီးရှာကြတယ်။ ပထမ တစ်ခေါက်တုန်းက ကောလိပ်စိန်က ပွဲကနေတာနဲ့ မတွေ့လို့ နေရှင်နယ်ခင်ပုဆိုတဲ့ မင်းသမီးကိုပဲ ခေါ်သွားကြတာတဲ့။ အငြိမ့်ဆရာဦးဖိုးဆင်က ဝါးခယ်မမှာ ကျန်သေးတယ် မင်းသမီးတစ်ယောက် ဆိုလို့ သွားခေါ်ကြတော့ 'အဖေရေ ညှော်သည်လာနေတယ်'ဆိုတဲ့ ကောင်မလေးရဲ့ ခေါ်ပြောလိုက်ပုံကိုက ဇာတ်ဟန်ပါနေတော့ သဘောကျပြီးမှ မြို့ခေါ်လာကြတာတဲ့လေ။

ကောလိပ်စိန်က အသံကောင်းတယ်။ သူ့အသံက စည်းစည်းလုံးလုံးနဲ့ မြည်တဲ့အသံဝါကြီးမျိုး။ ရုပ်ကလဲလှ၊ ကိုယ်လုံးလဲလှတာကြောင့် တစ်နှစ်လောက်နေတော့ ကျော်ကြားလာတယ်။ ကောလိပ်ကျောင်းသားတွေကြိုက်တဲ့မင်းသမီးမို့ ဇာတ်ဆရာဦးဖိုးသင်က မင်းသမီးကို 'ကောလိပ်စိန်'ရယ်လို့ နာမည်ပေးလိုက်တော့တာတဲ့။

ကောလိပ်စိန် ဦးဖိုးစိန်ဇာတ်ရောက်တော့ ဦးဖိုးစိန်နဲ့တွဲကနေတဲ့ နာမည်ကျော်မင်းသမီးတစ်လက်က 'စိန်မြကြည်'တဲ့။ ကောလိပ်စိန်မှာ စိန်မြကြည်နဲ့ မတွဲတဲ့ညတွေမှသာ တွဲကခဲ့ရတာပါ။ နောက်ပိုင်း ဦးဖိုးစိန်ရဲ့ဇနီးက ဦးဖိုးစိန်နဲ့စိန်မြကြည် နီးစပ်မှာစိုးတော့ ခွဲထားရာက ကောလိပ်စိန် နှစ်ပါးသွားတွေကဖြစ်တော့တာပါ။

'ကျွန်မလင်ညစဉ်မဟုတ်ပါ၊ ရှက်စရာမျက်နှာပူလှပါ၊ တစ်ဖက်သတ်ထဲ အမြဲချစ်ပါဆရာ'

ဦးဖိုးစိန်ဇနီး ဒေါ်စိန်မြိုင်က စိန်မြကြည်နဲ့ ဦးဖိုးစိန်ဝေးစေဖို့ ကောလိပ်စိန်ကို များများသင်၊ များများကစေပါတယ်။ သဘင်ပညာနဲ့ပတ်သက်တာတွေ အဖုံဖုံသင်တော့ ကောလိပ်စိန်လေးကလဲ သင်သမျှတတ်တယ်၊ ကြိုးလဲကြိုးစားသူပါ။ ကောလိပ်စိန်ကိုသဘောကျလို့ ဇာတ်မင်းသား ဦးစိန်ကတုံးက ခေါ်ပေမဲ့ ဦးဖိုးစိန်ကြီးကတော့ လာဘ်မြင်အကင်းပါးတဲ့ မင်းသမီးကောင်းလေးတစ်လက်ရခဲ့ပြီမို့ လက်မလွှတ်တော့ဘူးတဲ့။

ကောလိပ်စိန်ရဲ့ 'လင်းကွင်း'အကက လှတယ်။ လင်းကွင်းတွေမှာ ကြိုးရှည်ရှည်နဲ့ ပန်းဖွားတွေတပ်၊ လင်းကွင်းကိုတီးလိုက်၊ ကလိုက် ကရတာ။ လင်းကွင်းကို တီးတာပဲ ရိုးရိုးမတီး ရှေ့ကတီး၊ နောက်ကတီး၊ ခြေကြားတီး၊ ခေါင်းပေါ်တီးနဲ့ ကောလိပ်စိန်ရဲ့ လင်းကွင်းအကမှာ တစ်မျိုးလှပါတယ်။

နောက်တစ်ခု ကောလိပ်စိန်က အရူးဇာတ်ကတော့ အရူးအနေနဲ့ သရုပ်ဆောင်တာပိုင်တယ်။ ဆံပင်ကို ဖားလျားချ၊ သနပ်ခါးမပျက်တပျက်နဲ့ထွက်လာပြီးမှ 'ရူးရူးရူးတော့မယ်၊ နှမ်းနှမ်းနှမ်းတော့မယ်' တန်ခူးကုန်လို့ ကဆုန်နီး၊ လှည်းကလေးက ခြောက်စတောင်တော့' အရူးသီချင်းဆိုပြီးမှ ကိုယ့်စိတ်ကို အစိုးမရသူတွေ ဟက်ဟက်ပက်ပက်ကြီးရယ်လိုက်၊ တောင်ကြည့်မြောက်ကြည့်ရူးပြပြီးမှ သရုပ်ဆောင်တော့တာပါ။ ကောလိပ်စိန်ဟာ ဦးဖိုးစိန်ရဲ့အသွန်အသင်ကို ကျကျနနခံယူရင်း တိုးတက်လာခဲ့တာပါ။

ဦးဖိုးစိန်အသက်ကြီးလာတော့ ဇာတ်ကရာမှာ မအော်နိုင်၊ မဆိုနိုင်မှန်းသိလို့ ဆိုင်းဆရာက 'အတီး'နဲ့ ဝင်ဝင်ခုပေးရတဲ့အခါတွေရှိတယ်။ ဆိုင်းဆရာကမေ့ပြီး ဦးဖိုးစိန်ဆိုနေတာကို ဆိုင်းနဲ့မခုမိတဲ့ အခါတွေကျတော့ အနားက ကောလိပ်စိန်ကဝင်ပြီး ဦးဖိုးစိန်သက်သာအောင် သူ့အဆို၊ သူ့အပြောလေးနဲ့ ကြားဝင်ပေးရတဲ့အခါတွေရှိတယ်။ အလွမ်းခန်းတွေမှာလဲ အတူတူပဲ။ ဦးဖိုးစိန်ကို ငိုနိုင်သလောက်သာ ငိုစေပြီးမှ ဦးဖိုးစိန်မငိုနိုင်တာကို ပရိသတ်အသိမခံ ကောလိပ်စိန်ကပဲ ဝင်ဖာထေးပေးရပါတယ်။ ငိုပေးရတာပေါ့။

ကောလိပ်စိန်က အတော်အကင်းပါးတဲ့မင်းသမီးပါ။ ဦးဖိုးစိန်က ကောလိပ်စိန်ကို နေရာတကာဦးစားပေးလာတော့ ဇာတ်သူဇာတ်သားတွေက ကောလိပ်စိန်ကို ကွယ်ရာမှာ မဲ့ရွဲ့လာကြတယ်။ မကြားနိုးနားနဲ့ 'ဆရာကတော်'လို့တောင် ခေါ်ကြတာရော။ ဒါပေမဲ့ ကောလိပ်စိန်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်တာပါ။ ဦးဖိုးစိန်ကို ဂရုစိုက်မြဲစိုက်ပေးတယ်၊ အရေးပေးမြဲပေးပါတယ်။ မဲ့ရွဲ့ကြသူတွေကိုတော့ "ငါမှားချင်ရင် ဆယ့်ငါးနှစ်သမီးအရွယ်ကမှားမှာပေါ့ဟယ်။ ဒီအရွယ်ကျတော့မှ မမှားပါဘူးလို့"ပြောသတဲ့။

ဦးဖိုးစိန်က နောက်ပိုင်းဇာတ်တွေ မိုးအလင်းကရတော့ ပင်ပန်းတဲ့အခါ ပွဲပြီးတာနဲ့ အိပ်ရာထဲလဲတော့တာတဲ့။ အဲဒီအခါမှာ ကောလိပ်စိန်က မင်းသမီးအဝတ်တွေမလဲအားသေး ထမီအနားကိုအပေါ်ပင့်တင်၊ ဦးဖိုးစိန်အတွက်ကော်ဖီဖျော်ပေး၊ ပြုစုပေးပြီးမှ အဝတ်အစားလဲတော့တာတဲ့။ ဇာတ်ကကြတော့လဲ ဒီညဘာဇာတ်ကမလဲ အဘိုးကြီးဖျားနေတယ် သက်သာတဲ့ဇာတ်ပဲ ဒီညကနဲ့ စီမံခန့်ခွဲတော့ ဦးဖိုးစိန် ဇနီးကစလို့ ကောလိပ်စိန်ကိုယုံတယ်တဲ့။ ဒီတော့ ဦးဖိုးစိန်က ကောလိပ်စိန်ဆိုတာ အဖိုးတန်မင်းသမီးလေးမို့ တန်ဖိုးထားတာပေါ့။

ကောလိပ်စိန်ကတဲ့ဇာတ်ထဲမှာ မာယလုလင်ဇာတ်ကလဲ အမှတ်တရပါပဲ။ လင်ကုသိုလ်ပြုရင် မယားပါရတတ်တော့ သုဇီတာက ကောင်းမှုကုသိုလ်ပြုတဲ့အခါ လင်နဲ့အတူမပြုဘဲနေတော့ ကိုမာယသေတဲ့အခါ နတ်ပြည်မှာ နတ်သိကြားဖြစ်ပေမဲ့ သုဇီတာမှာ လားရာချင်းမတူကွဲပြီး ဘဝခြားမှာ ဗျိုင်းမလေးဖြစ်ပြီးမှ ကျန်ခဲ့တဲ့ဇာတ်ပေါ့။ ကောလိပ်စိန်က ဗျိုင်းမလေးဆိုတော့ ဝတ်စုံအဖြူမှာ ငှက်မွေးတွေကပ်ပြီး ဇာတ်စင်ရှေ့ထွက်လာတော့ သူ့အဖော်ငှက်တွေဖြစ်တဲ့လူပြက်တွေက တစ်ကိုယ်လုံးထုံးတွေသုပ်ထွက်လာကြတော့ ပရိသတ်က ရယ်ကြတာပေါ့။

ဗျိုင်းမလေးကောလိပ်စိန်မှာတော့ လယ်ကွင်းထဲ အစာရှာနေရင်းက ပတ်ဝန်းကျင်မှာ မိုးတွေညို့လာတဲ့အခါ ဘဝဟောင်းကခင်ပွန်းသည်ကိုမာယကို လွမ်းတဲ့အကြောင်း ကောက်ဆိုလိုက်တဲ့အခါ အစောကရယ်နေကြတဲ့ပရိသတ်ဟာ ရယ်နေတဲ့အာရုံတွေ ချက်ချင်းပျောက်ကုန်ပြီးမှ ကောလိပ်စိန်နဲ့အတူ ရောယောင်လွမ်းကြရတာကလဲ တကယ်ကိုအမှတ်တရပါပဲ။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်တဲ့အခါ ဇာတ်သဘင်သမားတွေပါ နားကြရပါရော့လား။ အဲဒီတုန်းက ကောလိပ်စိန်အသက်က ၃၅ နှစ် အရွယ်ကောင်း၊ အရွယ်လှချိန်ပေါ့။ စစ်မီးကြီးတောက်လာတော့ နေရင်းဝါးခယ်မမြို့ကိုပြန် ဦးဖိုးစိန်တို့တစ်တွေလဲ ဇာတ်ခေါင်းကွဲကြတာပေါ့။ ဝါးခယ်မမှာနေနေတုန်း ကောလိပ်စိန်မှာ လေရောဂါက ပြင်းပြင်းထန်ထန်ဖြစ်လာတော့ ဘုန်းကြီးတစ်ပါးနဲ့ဆေးကုရတယ်။ ဒါပေမဲ့ ဘုန်းကြီးက ရောဂါကိုပျောက်အောင်ကုပေးမယ် သဘင်သည်ဘဝကိုလဲလျှုပါ၊ သဘင်သည်ဆိုတာ လူအများကို အပါယ်ရောက်အောင် လှည့်ဖြားနေတာမို့ အကုသိုလ်များလှပါတယ်ဆိုတော့ ရတနာသုံးပါးကို ကြည်ညိုလေးစားလွန်းတဲ့ ကောလိပ်စိန်ဟာ ရောဂါရဲ့ပြင်းထန်တဲ့ဝေဒနာကို ခံစားရင်းက တပည့်တော်မ ဒီသဘင်သည်အလုပ်ကို လျှုပါတော့မယ်ဘုရားလို့ အာမဘန္တေခံလိုက်တော့တာတဲ့။ စစ်ပြီးလို့ ဦးဖိုးစိန်ကခေါ်တော့ ကောလိပ်စိန်က မသွားတော့ပါဘူး။

မင်းသမီးကောလိပ်စိန်ဟာ အသက် ၅၁ နှစ်အရွယ် ၁၉၅၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက်နေ့ ဝါးခယ်မမြို့မှာပဲ ကွယ်လွန်အနိစ္စရောက်ရှာပါတယ်။

❖ ကောလိပ်စိန်က အသံကောင်းတယ်။ သူ့အသံက စည်းစည်းလုံးလုံးနဲ့ မြည်တဲ့အသံဝါကြီးမျိုး။ ရုပ်ကလဲလှ၊ ကိုယ်လုံးလဲလှတာကြောင့် တစ်နှစ်လောက်နေတော့ ကျော်ကြားလာတယ်။ ကောလိပ်ကျောင်းသားတွေကြိုက်တဲ့မင်းသမီးမို့ ဇာတ်ဆရာဦးဖိုးသင်က မင်းသမီးကို 'ကောလိပ်စိန်ရယ်'လို့ နာမည်ပေးလိုက်တော့တာတဲ့။ ကောလိပ်စိန် ဦးဖိုးစိန်ဇာတ်ရောက်တော့ ဦးဖိုးစိန်နဲ့တွဲကနေတဲ့ နာမည်ကျော်မင်းသမီးတစ်လက်က 'စိန်မြကြည်'တဲ့။ ကောလိပ်စိန်မှာ စိန်မြကြည်နဲ့မတွဲတဲ့ညတွေမှသာ တွဲကခဲ့ရတာပါ။ ❖

**ကိုးကား**

**ပြည်သူချစ်သောအနုပညာသည်များ လူထုဒေါ်အမာ**

## မိုင်းဆတ်မြို့နယ် ချောင်းဆုံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မိုင်းဆတ် မတ် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျတီကျေးရွာအုပ်စု ချောင်းဆုံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်နှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ချောင်းဆုံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန်နှင့် ခန်းမတည်ဆောက်ပြီးစီးသွားပါကလည်း ရေရှည်တည်တံ့စေရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ချောင်းဆုံကျေးရွာ၌ အလျား ၃၆ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ငြိမ်းသူ(စလင်း)

# ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ပေးဆပ်ဝံ့သည် ဘာမထိ** ပထမဆု
တပ်ကြပ်လှိုင်ဝင်းထွန်း

၂။ **နှလုံးလှစစ်သည်များ** ဒုတိယဆု
မြင့်မိုရ်ဦး

၃။ **တပ်မတော်ဂုဏ်ရည်သမိုင်းတည်** တတိယဆု
မျိုးဝင်း(MWD)

၄။ **ပြည်သူ့တပ်မတော်ဇာနည်မော်** စတုတ္ထဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၅။ **မြန်မာပြည်ထောင်စုရဲ့တပ်မတော်** ပဥ္စမဆု
တပ်ကြပ်ကြီးဇော်မျိုးထွန်း

**စစ်သည်တေးသီချင်း**

၁။ **ရပ် ရပ် စစ်ဆိုသည်ကား** ပထမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၂။ **ရွှေရောင်အနာဂတ်ဆီသို့** ဒုတိယဆု
ဇာမဏီ

၃။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** တတိယဆု
မျိုးမြင့်ရန်နောင်

၄။ **ငြိမ်းချမ်းပါစေ တောင်းဆုဝေ** စတုတ္ထဆု
ကျော်ကျော်သိန်း(KKT)

၅။ **သမိုင်းအဆက်ဆက် နွံနစ်မခံ** ပဥ္စမဆု
တပ်ကြပ်ဇော်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ပြည်ချစ်မြတ်မော် အောင်တပ်မတော်** ပထမဆု
တာရာ

၂။ **အစဉ်အလာ ၁၂ ပါး စောင့်ထိန်းထားသည့် ပြည်သူ့သားကောင်း တပ်မတော်** ဒုတိယဆု
မျိုးချစ်မောင်သောင်း

၃။ **နိုင်ငံတော်သစ် တိုးတက်ဖြစ်တည် ရှေ့သို့ချီအံ့** တတိယဆု
ညိမ်းညို

၄။ **တပ်မတော်ဂုဏ်ရောင်ဖော်ညွှန်း ရင်တွင်းဖြစ်ကမ္ဗည်းမော်ကွန်း** စတုတ္ထဆု
အောင်နိုင်သူ(ဇွဲကပင်)

၅။ **အောင်ကြောင်းဖြာစေ မြန်မာပြေ(ပြည်) မြန်မာ့တပ်မတော် ကြည်း ရေ လေ** ပဥ္စမဆု
ဇီးကုန်းအေးမော်

၆။ **ညအမှောင်ခွင်း လမင်းသာပါစေ နေ့အရုဏ်ကျင်း နေမင်းဖြစ်ပါစေ** အထူးဆု(၁)
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၇။ **ပြည်ချစ်တပ်မတော် ပွဲတိုင်းကျော်** အထူးဆု(၂)
ညွှန့်ဝင်း(နတ်တလင်း)

၈။ **မိုးထက်ဝယ်ထွန်း ဖြိုးလက်ကြယ်နန်း** အထူးဆု(၃)
ဟန်ညွှန့်(ယဉ်ကျေးမှု)

**ကဗျာ(အလွတ်တန်း)**

၁။ **အလေးပြုပါသည်** ပထမဆု
စန္ဒကူးသစ္စာ

၂။ **ကန္တာရဝတီ သိပါသည်** ဒုတိယဆု
ကိုကို(ရေနံ့သာ)

၃။ **နိုင်ငံ့ဂုဏ်ဆောင် အောင်တပ်မတော်** တတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၄။ **ညီညာစည်သာ ပြည်မြန်မာနှင့် စဉ်လာဂုဏ်ဒြပ်မြင့်မြတ်ထင်ပေါ်တပ်မတော်** စတုတ္ထဆု
မနော်ဖြူ

၅။ **အလံစောင့်၏သစ္စာ** ပဥ္စမဆု
မြခြူးအိမ်

၆။ **တို့တိုင်းဌာနီ မြန်မာပြည်** အထူးဆု(၁)
မြတ်ထွဏ်းနောင်

၇။ **သွေးသစ္စာ ရင်မှာနှင်းကာဖြင့်** အထူးဆု(၂)
ယိမ်းနွဲ့

၈။ **ရဲဝံ့စွာချီပါလေ** အထူးဆု(၃)
မျိုးစစ်သည်

**ဝတ္ထုတို**

၁။ **ညာခြေတစ်ဖက် ပေးဆက်ခဲ့ရသည့်တိုင်** ပထမဆု
ရဲမင်းစိုး

၂။ **နှလုံးသားတိုက်ပွဲ** ဒုတိယဆု
ပင်မြင့်စံ(ရွှေဘို)

၃။ **အရိုင်းပန်းတွေ မွေးပြီလေ** တတိယဆု
မောင်စူးရှ(အနောက်ရိုးမ)

၄။ **နှောင်းနောင်တတို့ ရောင်နီသစ်ချိန်** စတုတ္ထဆု
ချစ်ခြင်းဖြူ

၅။ **ရိုးတန်မဲ့သစ္စာပန်းတို့၏အဓိဋ္ဌာန်** ပဥ္စမဆု
ထက်ပိုင်ဦး(သစ္စာမြေ)

၆။ **မြင်ထောင့်မတူသည့် ရဲဘော်စိတ်** အထူးဆု(၁)
မျိုးမြင့်ရန်နောင်

၇။ **သွေးအသက်တို့ ပေးဆက်ကာသာ** အထူးဆု(၂)
အမောင်

၈။ **ကြွေသော်လည်းဝေ** အထူးဆု(၃)
ချမ်းမြအောင်

**ဝတ္ထုရှည်**

၁။ **တိမ်ယံထက်ကကြယ်** ပထမဆု
ခန့်ပိုင်

၂။ **မန္တမ်းသောပန်း မခန်းသောရေ** ဒုတိယဆု
ညိမ်းညို

၃။ **အမိဧရာဝတီ စီးဆင်းတည်ရှိနေသမျှ** တတိယဆု
တက္ကသိုလ်မြမဥ္ဇူ

၄။ **ကြယ်တစ်ပွင့်ရဲ့မပြယ်လွင့်တဲ့သစ္စာ** စတုတ္ထဆု
မနော်ဖြူ

၅။ **ကြယ်တစ်စင်း၏စွန့်လွှတ်ခြင်းအသချေ်** ပဥ္စမဆု
အမေ့သား(နတ်မောက်)

၆။ **ခိုင်ကြည်သောသစ္စာဖြင့်** အထူးဆု(၁)
မုန်းမောင်မောင်

၇။ **သွေးနှစ်စက်၏ဆုံမှတ်** အထူးဆု(၂)
ကျော်တေဇ(ဥတ္တလာ)

၈။ **လွမ်းစိမ့်စိမ့် စီစီရီ** အထူးဆု(၃)
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၈၇၅၇ ဧကထိ စိုက်ပျိုးပြီးစီး

**စစ်ကိုင်း မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၈၇၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၈၉၇၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကုလားပဲ ၄၈၇၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ကုလားပဲ ၄၈၉၇၂ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ကုလားပဲ ၄၈၇၅၇ ဧက စိုက်ပျိုးပြီးပါပြီ။ ဒီနှစ်က ဆောင်းကုလားပဲ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ဆောင်းကုလားပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၆၉၀၉ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၁၉၁ ဧက၊ မြောင်မြို့နယ်တွင် ၇၆၅၇ ဧက စုစုပေါင်း ၄၈၇၅၇ ဧကဖြစ်ကြောင်း၊ စိုက်ပျိုးရန်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၈၀၆၄ ဧက၊ မြင်းမူမြို့နယ်တွင် ၁၃၂၃၇ ဧက၊ မြောင်မြို့နယ်တွင် ၇၆၇၁ ဧက စုစုပေါင်း ၄၈၉၇၂ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်း စသည်တို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၃၀၀၀၀၀ ကျော်ကုန်ကျကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)








**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ၆၂လမ်း၊ (၃၉ × ၄၁)လမ်းကြား၊ မနော်ရမ္မံဟစ်တိုင်ကွင်းနှင့် ပလက်ဖောင်းဧရိယာအပါ မြေနေရာတွင် မြို့တော်ညဈေးလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်လေလံကြော်ငြာခြင်း**

၁။ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက် ၆၂ လမ်းနှင့် ၆၂ (A) လမ်းကြား၊ ၃၉လမ်းနှင့် ၄၁လမ်းကြား၊ ၆၂လမ်း၏ အနောက်ဘက်ခြမ်း မနော်ရမ္မံဟစ်တိုင်ကွင်း ဧရိယာ (၅၃၀၇၃) စတုရန်းပေနှင့် ပလက်ဖောင်းဧရိယာ (၂၅၄၂၅) စတုရန်းပေအပါ စုစုပေါင်းဧရိယာ (၇၈၄၉၈) စတုရန်းပေ အကျယ်ရှိ မြေနေရာတွင် မြို့တော်ညဈေးလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်လေလံလျှောက်လွှာ (၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/-နှုန်းဖြင့် ၁၁-၃-၂၀၂၄ ရက်နေ့မှ ၁၅-၃-၂၀၂၄ ရက်နေ့ထိ ရောင်းချသွားပါမည်။

(ခ) ၂၂-၃-၂၀၂၄ ရက်နေ့တွင် အိတ်ဖွင့်လေလံလျှောက်လွှာအား နောက်ဆုံးထားတင်သွင်းရပါမည်။

(ဂ) အိတ်ဖွင့်လေလံ လာရောက်လျှောက်ထားသည့်အခါ စပေါ်ငွေကို တစ်ပါတည်းပေးသွင်းရပါမည်။

၂။ သိရှိလိုသည်များရှိပါက ဖုန်း ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန်ဧရိယာ(၃. ၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ(၁. ၆၀၈)၊ စုစုပေါင်းမြေချိန်ဧရိယာ(၅. ၅၃၃)ဧကရှိသည့် ဂရန်မြေပေါ်တွင်ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁၂)(၁)လွှာ၊အခန်းအမှတ်(၆)၊အိပ်ခန်း(၃)ခန်းပါရှိသည့် အကျယ်အဝန်း(၉၂၅)စတုရန်းပေရှိသော Apartment သည် ဒေါ်အေးအေးအောင် အမည်ပေါက် Apartment တိုက်ခန်းဖြစ်ပြီး တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးအောင် (ဘ) ဦးတင်မြိုင် (၂/လကန(နိုင်)၀၆၅၇၅၉)ထံမှ ကျွန်မ ဒေါ်နန်းစံ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူပြီးဖြစ်၍ ရောင်းကြေးငွေများကို အပြေအကြေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ Apartment တိုက်ခန်းနှင့်ပတ်သက်၍ မိမိ၏ အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ကျွန်မ ဒေါ်နန်းစံ ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဒေါ်နန်းစံ(ဘ)ဦးဆံလုံ (၂/လကန(နိုင်)၀၀၅၄၁၀)**
**09-442838258**

**စာပေ မြင့်မှ လူမျိုး တင့်မည်**


**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

လူတစ်ဦးနှင့်တစ်ဦး ၃ ပေ (တစ်မီတာ)မှ ၆ ပေခန့်အကွာမှာနေပါ။ ဗိုင်းရပ်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် မလိုအပ်ဘဲ အိမ်အပြင်မထွက်သင့်ပါ။




**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်...

❖ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းရေကန်များ ပြန်လည်ဆယ်ယူတူးဖော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မတ် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှေးဟောင်းဇုန်များအတွင်းရှိ စေတီပုထိုးများအတွင်း ရေကြီးရေဝပ်မှုလျော့ကျနိုင်စေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ရှေးဟောင်းရေကန်များဖြစ်သည့် ဖျောက်ဆိပ်ပင်ကန် (၁၊ ၂၊ ၃)၊ ဖိုးသူတော်ကန်နှင့် မြောက်တစ်ဝက်ကန် စုစုပေါင်းငါးကန်ကို ရှေးမူမပျက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန် သတ်မှတ်ချက်များအတိုင်း ပြန်လည်ဆယ်ယူတူးဖော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ပြီး မြောက်တစ်ဝက်ကန်မှာ **စာမျက်နှာ ၁၉ ကော်လံ ၃ ☆**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို **စာမျက်နှာ - ၂၀**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန် **စာမျက်နှာ - ၁၉**

နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက် နေထိုင်သူများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ် **စာမျက်နှာ - ၂၁**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ ၅၈၇ ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုပေးထား **စာမျက်နှာ - ၂**

